ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ အင်္ဂါနေ့၊ (8-3-2011) (၆၆၉၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ ကျင်းပ

အဖွဲ့ဝင်(၁၅)ဦးပါ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်း

ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲများ မထားရှိကြဘဲ နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်ထောင်စု၏ အကျိုးစီးပွား၊ ပြည်သူတို့၏ အကျိုးစီးပွားအတွက် ထာဝစဉ်ရှေးရှုပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်သွားရန်လို

နေပြည်တော် မတ် ၇

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရောက်ရှိနေရာယူသည်။ ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၄၃၃)ဦး ရှိသည့်အနက် (၄၃၂)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၇၇) ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၃ နှင့် ၆၇ တို့အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို (၁၅)ဦးထက်မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်၌ တင်ပြပြီး အတည်ပြုချက်ရယူ ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ☆

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ ကျင်းပစဉ်။

(သတင်းစဉ်)

၈-၃-၂၀၁၁
(အင်္ဂါနေ့)

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြှင့်တင်

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ လူ့ဘဝတွင် အသက်ရှည်ပြီး ကျန်းမာကြံ့ခိုင်မှသာ အရာရာကို သယ်ပိုးဆောင်ရွက်နိုင်ကြပေမည်။ အမျိုးသားကျန်းမာရေးစီမံကိန်းများ ချမှတ်၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝ ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်း သက်တမ်းစေ့နေထိုင်နိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်းရေး ရည်မှန်းချက်ထားရှိသည်။ ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ကျေးလက်ဒေသများနှင့် နယ်စပ်အစွန်အဖျားဒေသများပါမကျန် နိုင်ငံတစ်ဝန်း၌ ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ပေးနေပြီဖြစ်သည်။

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးဖွင့်ပွဲကို မတ် ၆ ရက်က ကျင်းပခဲ့သည်။ ခုတင် (၅၀) ဆံ့ ဆေးကုသဆောင် နှစ်ဆောင်၊ ပြင်ပလူနာဌာန၊ ခွဲစိတ်ကုသဆောင်နှင့် သားဖွားဆောင်တို့ပါရှိသည်။ လယ်ဝေးမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော်က ဒေသအလိုက် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ထူထောင်တည်ဆောက်ပေးနေပြီ။ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများကို စဉ်ဆက်မပြတ် မွေးထုတ်ဖြည့်ဆည်းပေးလျက်ရှိသည်။ ဒေသခံတိုင်းရင်းသားပြည်သူများ မိမိတို့ခရိုင်၊ မြို့နယ်အတွင်း၌ပင် အလွယ်တကူ ဆေးဝါးကုသနိုင်ကြပေပြီ။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပညာရပ်ပိုင်းဆိုင်ရာများ စဉ်ဆက်မပြတ် တိုးတက်မြင့်မားနေစေရေး အစဉ်လေ့လာသင်ယူနေကြရန် လိုအပ်သည်။ ဆေးရုံများ၊ ကျန်းမာရေးဌာနများ၌ တာဝန်ထမ်းဆောင်ရာတွင် ပြည်သူလူထု စိတ်ကျေနပ်မှု၊ စိတ်ချမ်းသာမှု ပြည့်ဝစေရေး လှိုက်လှဲနွေးထွေးစွာ ဝန်ဆောင်မှုပေးကြရန်လည်း လိုအပ်သည်။

ယနေ့ကာလတွင် ပြည်ထောင်စုတစ်ဝန်း၌ ကျန်းမာရေးအခြေခံအဆောက်အအုံများ ပိုမိုတည်ဆောက်ပေးထားပြီ။ ကျန်းမာရေးဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်များ မြှင့်တင်ပေးနေပြီ။ ကျန်းမာရေးအသိပညာ ဗဟုသုတများ တိုးမြှင့်ပေးလျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းစွမ်းဆောင်မှုများကြောင့် လူ့သက်တမ်းမြင့်မားလာခြင်း၊ ရောဂါကြီးများ၏ ဘေးဆိုးကပ်ဆိုးမှ ကင်းဝေးလာခြင်း စသည့် အကျိုးရလဒ်များ ပိုမိုဖြစ်ပေါ်လာနေပြီ ဖြစ်ပါသည်။ ။

တိုင်းရင်းဆေးတက္ကသိုလ် ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပစဉ်။
(သတင်းစဉ်)

တိုင်းရင်းဆေးတက္ကသိုလ် ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၇

တိုင်းရင်းဆေးတက္ကသိုလ် ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် မန္တလေးမြို့ရှိ အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်၊ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသန်းမောင်၊ ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့ဝင်များ၊ မော်ကွန်းထိန်းနှင့် ဘွဲ့ယူကြမည့် ဘွဲ့ရမောင်မယ်များ၊ ၎င်းတို့၏ မိဘဆွေမျိုးများ၊ ဆရာ၊ ဆရာမများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က ဘွဲ့တက်ရောက်ယူသူ ၁၂၂ဦးနှင့် အဝေးရောက်ဘွဲ့ယူသူ ရှစ်ဦးတို့အား ဘွဲ့လက်မှတ်များ အပ်နှင်းပြီး မိန့်ခွန်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေနံချောင်းနှင့် စလင်းတပ်နယ်၊ မကွေးနယ်မြေခံတပ်မတို့ကို တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၇

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် မတ် ၁ ရက်တွင် ရေနံချောင်းတပ်နယ် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး တပ်ရင်းအတွင်း စိုက်ပျိုး/မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံပြီး တပ်မိသားစုများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

တိုင်းမှူးသည် မတ် ၂ ရက်တွင် တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မကွေးမြို့ နယ်မြေခံတပ်မ၏ လယ်မြေဖော်ထုတ်ဆောင်ရွက်နေသည့် ရွာခိုင်စုပေါင်းလယ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် စလင်းတပ်နယ်ခန်းမသို့ ရောက်ရှိပြီး တပ်နယ်မှ အရာရှိစစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ချီးမြှင့်ငွေများပေးအပ်ကာ တပ်နယ်၊တပ်ရင်းများ၏ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်းများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ဝန်ကြီး ဦးလှထွန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မတ် ၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် မတ် ၅ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် ရည်မှန်းချက်နှင့်လုပ်ငန်းတာဝန်များ၊ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းရည်မှန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီးက လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံး လုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ အလေးအနက်ထားဆောင်ရွက်ကြရေး၊ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်ထက်မြက်စေရန် ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို အကျိုးရှိစွာ အသုံးပြုကြရေးတို့ကို အကျယ်တဝင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၇

မြန်မာပို့စ်ဂျာနယ် အတွဲ (၃)၊ အမှတ် (၁၀)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ပြည်ပမော်တော်ယာဉ်များနှင့် ပြည်တွင်းဇုန်ထုတ်မော်တော်ယာဉ်များ ဈေးကွက်ပြိုင်ဆိုင်မှုပြင်းထန်၊ မြန်မာ-အိန္ဒိယနယ်စပ်တွင် နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာနကြီးတစ်ခု ဖွင့်လှစ်ရန်မျှော်မှန်း၊ အွန်လိုင်းမှ ကြေးနန်းပို့ယူနိုင်သည့်စနစ် မြို့ပေါင်း ၈၀ ထပ်မံတိုးချဲ့မည်၊ VOIP ဖုန်းခေါ်ဆိုခနှုန်းထားများပြောင်းလဲသတ်မှတ် စသည့် မျက်နှာဖုံးသတင်းများ၊ ပြည်စိုး၊ နေဇင်လတ်၊ မောင်သိန်းညွန့်(ကော့ကရိတ်)၊ မော်ကျွန်းစိုးမြင့်၊ မောင်ထွန်းလွင်(မိုးလေဝသ)၊ ဦးသန်းထွတ်(ပါမောက္ခ-ငြိမ်း)၊ ဦးအောင်ကျော်ကျော် (ကျန်းမာရေးပညာ)၊ ကောင်းစံဝင်း(ဥပဒေ)၊ ဗိုဟိန်(မြစ်မခ)တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အနုပညာသတင်းများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အနယ်နယ် အရပ်ရပ်မှ သတင်းများ၊ မှုခင်းသတင်းများနှင့် ပြည်တွင်းပြည်ပ အားကစားသတင်းများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင် အစိုးရငွေတိုက်စာချုပ်များ ရောင်းရငွေကျပ် ၂၃၅၃ သန်းကျော်ရှိ၊ အတိုးငွေများ မတ် ၁၅ ရက်မှစ၍ထုတ်ပေးမည်၊ ပဲမျိုးစုံ ၁၀ရက်အတွင်း တစ်တန်လျှင် ကျပ် ၂၀၀၀၀ မှ ကျပ် ၄၀၀၀၀ ဝန်းကျင်အထိ ဈေးထိုးကျ၊ CDMA 800 MHz ဖုန်းကတ်များ ပျက်စီးပျောက်ဆုံးပါက နေ့ချင်းပြီးလဲလှယ်ပေးနေပြီ၊ ဒီဇယ်ဈေးမြင့်လာသော်လည်း အဝေးပြေးယာဉ်စီးခနှုန်းထားတိုးမြှင့်ရန် မရှိဟုဆို၊ ခရီးသည် လူပို ၁၀ ဦးအထက် သုံးကြိမ်တင်ဆောင်သည့် အထူးယာဉ်များကို ထုတ်ပယ်သည်အထိ အရေးယူမည် စသည့်သတင်းများ ဖော်ပြပါရှိသည်။
(သတင်းစဉ်)

အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း ဒေါပုံ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ဒုတိယတန်း(ခ)မှ ပထမဆုရရှိသော မမေသက်ပန်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြညွန့် ဆုချီးမြှင့်စဉ်။
(ပညာရေး)

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး သီပေါမြို့ရှိ ဆေးရုံနှင့် ကျောင်းများ ကြည့်ရှုစစ်ဆေး

အမျိုးသားပညာရည်မြင့်မားရေး ဆရာ၊ မိဘ၊ ကျောင်းသားတို့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်

ဆေးဝါးကုသမှု ထက်မြက်ကောင်းမွန်ရေး၊ လူနာများအပေါ် နွေးထွေးကြင်နာစွာ ပြုစုစောင့်ရှောက်

နေပြည်တော် မတ် ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၆ ရက် နံနက်ပိုင်းတွင် သီပေါမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ပြည်နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ အုတ်ညှပ်စာသင်ဆောင်များအဖြစ် ပြုပြင်မွမ်းမံပေးရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁)အား ကျောင်းအုပ်ဆရာမကြီးက သင်ကြားရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုအခြေအနေ၊ ကျောင်း၏ သင်ကြားမှုနှင့် အုပ်ချုပ်စီမံကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က သင်ကြားရေးကိစ္စရပ်များကို မေးမြန်းပြီး ကျောင်းအုပ်ကြီးများအနေဖြင့် ဆရာ၊ ဆရာမများ၏ သင်ကြားမှုစွမ်းရည် အစဉ်မပြတ်တိုးတက်ကောင်းမွန်အောင် ကြီးကြပ်စီမံဆောင်ရွက်ရေး၊ ကျောင်းသား၊ ကျောင်းသူများ၏ ဘာသာရပ်အလိုက် ကျွမ်းကျင်မှု၊ နားလည်တတ်မြောက်မှု အခြေအနေများကို အမြဲလေ့လာဆန်းစစ်၍ အားနည်းသည့်ဘာသာရပ်များအတွက် တိုးတက်မှုရှိအောင် ပြုပြင်ဆောင်ရွက်ရေး။

စာသင်နှစ်ကာလအတွင်း သတ်မှတ်ပေးထားသည့် သင်ရိုးညွှန်းတမ်းများကို ရေးဆွဲပေးထားသည့် အချိန်ဇယားအတိုင်း သင်ကြားမှု ရှိ၊ မရှိ အချိန်မှန်စစ်ဆေးပြုပြင်ရေး။

အမျိုးသားပညာရည်မြင့်မားရေးအတွက် ဆရာ၊ မိဘ၊ ကျောင်းသားပညာရေးမိသားစုတို့ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရေးမှာကြားပြီး ကျောင်းအတွက် အလှူငွေများ ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သီပေါမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိခဲ့ကြပြီး တိုးချဲ့ခွဲစိတ်လူနာဆောင်နှင့် ခွဲစိတ်ခန်းသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွေးနှင့် ဆရာဝန် ဆရာမများ၊ ဆေးရုံကြီးကြပ်မှုကော်မတီဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ခွဲစိတ်ဆောင်နှင့် ခွဲစိတ်ခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)အား ခန်းမဆောင်၌ ဆေးရုံအုပ်ကြီးက ဆေးရုံဝန်ထမ်းအိမ်ရာနှင့် ဖွဲ့စည်းထားမှု၊ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများ အခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ သမိုင်းဝင် ဘော်ကြိုမုဋ္ဌောစေတီတော် ပရိဝုဏ်အတွင်း သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ လက်ထောက်ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စာသင်ဆောင်များနှင့် ကျောင်းအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)အား လက်ထောက်ကျောင်းအုပ်ဆရာမကြီးက သင်ကြားမှုနှင့် အုပ်ချုပ်စီမံ ကိစ္စရပ်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က သိရှိလိုသည်များကို မေးမြန်းပြီး အမျိုးသားပညာရည်မြင့်မားရေးအတွက် ဆရာ၊ မိဘ၊ ကျောင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ သမိုင်းဝင် ဘော်ကြို မုဋ္ဌောစေတီတော်သို့ ရောက်ရှိကြရာ စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းတို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ကလက်ခံကြပြီး စေတီတော်ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် စေတီတော် ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ကျောက်မဲမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းခန်းမ၌ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များအား တွေ့ဆုံ၍ အထက်တန်းကျောင်း(ခွဲ)ရှိ စာသင်ခန်းများ၊ ကျောင်းသားနှင့် ဆရာအင်အား အခြေအနေများကို မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး ကျောင်းအတွက် အလှူငွေများကို ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ကျောက်မဲမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး သီပေါမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က သီပေါပြည်သူ့ဆေးရုံ၌ ခွဲစိတ်လူနာဆောင်နှင့် ခွဲစိတ်ခန်းအသစ်တို့ကို ခေတ်မီသပ်ရပ်စွာ ဖွင့်လှစ်ထားပြီးဖြစ်ရာ ဒေသနေပြည်သူများ၏ ယုံကြည်အားကိုးရသည့် ဆေးရုံကြီးအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရန် ကျန်းမာရေးဝန်ထမ်းအားလုံးက ကြိုးပမ်းဆောင်ရွက်ကြရေး၊ ဆေးဝါးကုသမှု ထက်မြက်ကောင်းမွန်ရေး၊ လူနာများအပေါ် နွေးထွေးကြင်နာစွာ ပြုစုစောင့်ရှောက်ရေးတို့ကို မှာကြားပြီး ဆေးရုံကြီးအတွက် အလှူငွေများကို ပေးအပ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၃-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၁၀	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၅	၉။	အတီးပြိုင်ပွဲ
၈း၂၀	၁၀။	"လူကူးမျဉ်းကျားမှကူးမယ်"(A)
၈း၂၅	၁၁။	(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	၁၂။	International News
၈း၄၅	၁၃။	တေးဂီတအစီအစဉ်
၉း၀၀	၁၄။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၀၅	၂။	ကြေးမုံရိပ်သွင်တေးနှုယဉ်
၄း၁၅	၃။	တပ်မတော်နေ့ ဂုဏ်ပြု တေးသီချင်း ပြိုင်ပွဲဆုရတေးများ
၄း၃၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅	၆။	(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၀၅	၇။	ရင်မှာစွဲထင် တေးအလှသံစဉ်
၅း၂၀	၈။	"ကြယ်စင်ဥယျာဉ်"
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၅	၁၀။	မိုးလေဝသအခြေအနေ
၆း၂၀	၁၁။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၅	၁၂။	ဆိုလိုက်ကြစို့
၇း၀၅	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၁၄)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	ရယ်စရာဟာသများ
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာ အိပ်မက်ကမ္ဘာ" (အပိုင်း-၉)**
	၁၉။	အစီအစဉ်ပြီး၏။

သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အရည်အသွေးမြှင့်တင်ရေး သင်တန်းဖွင့်

နေပြည်တော် မတ် ၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ ကြီးကြပ်စီမံမှုနှင့် ကုလသမဂ္ဂ၊ အာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးနှင့်လူမှုရေးကော်မရှင်အောက်ရှိ ကုလသမဂ္ဂ၊ အာရှနှင့်ပစိဖိတ်ဒေသ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုလေ့ကျင့်ရေးသင်တန်းဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် "သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အရည်အသွေးမြှင့်တင်ရေးသင်တန်း"ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ကေတုမတီခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ကုလသမဂ္ဂ၊ အာရှနှင့်ပစိဖိတ်ဒေသ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုလေ့ကျင့်ရေးသင်တန်းဌာနမှ ညွှန်ကြားရေးမှူး Dr. Hyeun-Suk Rhee က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းနည်းပြများနှင့် အလယ်အလတ်အဆင့် အရာထမ်း ၅၀ တို့ တက်ရောက်ကြပြီး အစိုးရအဆင့်မြင့်အရာရှိကြီးများအတွက် ICT နည်းလမ်းများ၊ ဆက်သွယ်မှုကွန်ရက်နှင့် သတင်းအချက်အလက်လုံခြုံရေး၊ ICT စီမံကိန်းများစီမံခန့်ခွဲမှုဆိုင်ရာ သီအိုရီနှင့် လက်တွေ့ကျင့်သုံးမှုစသည့် ဘာသာရပ် သုံးခုကို ခြောက်ရက်ကြာဆွေးနွေးပို့ချမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးသင်တန်းများ (အဝေးသင်) ဖွင့်လှစ်မည်

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်က ကြီးမှူး၍ အထွေထွေရောဂါကု ဆရာဝန်များအတွက် CME for accreditation ကိုရည်ရွယ်၍ အထွေထွေရောဂါကု ဆရာဝန်များတွင် အတွေ့များသော ရောဂါများကုထုံးသင်တန်း (Common Clinical Problems for GPs)၊ ရောဂါရှာဖွေရေးလုပ်ငန်းစဉ်နည်းလမ်းများ သင်တန်း (Diagnostic Medical-Surgical Procedure Course)၊ အရေးပေါ်ရောဂါများ ကုထုံးသင်တန်း (Emergency Management Course)၊ ပြည်သူ့ကျန်းမာရေး၊ မိသားစုကျန်းမာရေးနှင့် သုတေသနသင်တန်း (Public Health,Family Medicine and Research Course) စသည့် သင်တန်းလေးခုကို အဝေးသင်သင်တန်း (Distance Learning Medical Education Program) များကို တစ်နှစ်ပတ်လုံး ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ သင်တန်းတစ်ခုစီ၏ ကြာမြင့်ချိန်မှာလေးလဖြစ်ပြီး သင်တန်းတစ်ခုပြီးဆုံးမှ နောက်သင်တန်းတစ်ခုကို တက်ရောက်နိုင်မည် ဖြစ်ပါကြောင်းနှင့် သင်တန်းတက်ရောက်လိုသူများသည် သတ်မှတ်ထားသော သင်တန်းကြေးနှင့် သင်တန်းဝင်ခွင့်ပုံစံကို လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ငွေပို့လွှာဖြင့်ဖြစ်စေ စာတိုက်မှတစ်ဆင့် ပေးသွင်းဖြည့်စွက်ပြီး မြန်မာနိုင်ငံဆရာဝန်အသင်း အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်သို့ ပေးသွင်းပြီးသင်တန်းတက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၃၇၈၈၆၃၊ ၃၉၄၁၄၁၊ ၃၈၀၈၉၉၊ လိုင်းခွဲ(၁၁၆)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဖေဖော်ဝါရီ ၁၉ ရက်က အမက(၂၃)ဒဂုံမြို့သစ်(မြောက်ပိုင်း) ကျောင်းတွင်း ဘက်စုံပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် တတိယတန်း(က)မှ ဒုတိယဆု၊ ၂၀၁၀-၂၀၁၁ တွင် အုပ်စု သင်္ချာ (တတိယ)၊ ကျောင်းတွင်း သင်္ချာ (ပထမဆု) လေးနှစ်ဆက်တိုက်ဆုရရှိသော စတုတ္ထတန်းမှ မသံစဉ်မိုးသိမ့်အား ကျောင်းအုပ်ဆရာကြီး ဦးမြတ်ကို ဆုချီးမြှင့်စဉ်။ (ပညာရေး)

အမှတ်(၂)လျှပ်စစ် အင်ဂျင်နီယာများ လုပ်ငန်းမွမ်းမံသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ဗဟိုသင်တန်းကျောင်း (လှိုင်သာယာ) သင်တန်းခန်းမ၌ ကျင်းပသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အင်ဂျင်နီယာမှူးနှင့် လက်ထောက်အင်ဂျင်နီယာများ လုပ်ငန်းမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဒစ္စကာဗာရီ လွန်းပြန်ယာဉ်မှူးများ အိုင်အက်စ်အက်စ်မှ မထွက်ခွာမီ တွေ့ရစဉ်။

ဒစ္စကာဗာရီလွန်းပြန်ယာဉ်၏ နောက်ဆုံးခရီးစဉ် အပြီးသတ်

ကိတ်ကာနေဗယ်လ် မတ် ၇

ကမ္ဘာပေါ်၌ အာကာသခရီးစဉ် အများဆုံးသွားလာခဲ့သည့် ဒစ္စကာဗာရီလွန်းပြန်ယာဉ်သည် ၎င်း၏ နောက်ဆုံးခရီးစဉ်ကို အဆုံးသတ်သည့်အနေဖြင့် နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)မှ တနင်္လာနေ့တွင် ထွက်ခွာခဲ့ကြောင်း သိရသည်။

ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ်သည် မတ် ၈ ရက်တွင် ကမ္ဘာမြေပေါ်သို့ ပြန်လည် ရောက်ရှိမည်ဖြစ်သည်။ ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိချိန်တွင် ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်ကို ပျံသန်းမှုအနားပေးတော့မည်ဖြစ်ပြီး စမစ်ဆိုနီယန် အာကာသသိပ္ပံသို့ ပို့ဆောင်ကာ အများပြည်သူကို ပြသပေးမည်ဖြစ်သည်။

ဒစ္စကာဗာရီလွန်းပြန်ယာဉ်သည် အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)အတွက် နှစ်ပေါင်း ၂၇ နှစ်မျှ တာဝန်ထမ်းဆောင်ခဲ့ပြီး နောက်ဆုံးခရီးစဉ် အဆုံးသတ်သည်အထိ မိုင်ပေါင်း သန်း ၁၅၀ နီးပါး ပျံသန်းခဲ့ပြီးဖြစ်သည်။

ဒစ္စကာဗာရီလွန်းပြန်ယာဉ်သည် အာကာသခရီးစဉ် ၃၉ ခုကို ပျံသန်းခဲ့ပြီး နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ (၁၃) ကြိမ်မျှ သွားရောက်ခဲ့ကာ အာကာသအတွင်း၌ ရက်ပေါင်း ၃၆၅ ရက်နှင့် ညီမျှသော တာဝန်ချိန်ကို ထမ်းဆောင်ခဲ့သည်။

အာကာသစခန်းယာဉ်မှ ထွက်ခွာချိန်တွင် ဒစ္စကာဗာရီလွန်းပြန်ယာဉ်မှူးများသည် ကြယ်စင်များသို့ ခရီး (Star Trek) ရုပ်မြင်သံကြားဇာတ်လမ်းတွဲ၌ အာကာသယာဉ်မှူးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သော ဝီလီယံရှာသ်နာ၏ ဂုဏ်ပြုစကားပြောကြားမှုကို ရရှိခဲ့သည်။ **အေပီ။**

အခြားဂြိုဟ်များ၌ သက်ရှိများရှိသည့်လက္ခဏာ နာဆာသိပ္ပံပညာရှင်တစ်ဦး ဖော်ထုတ်

ဝါရှင်တန် မတ် ၇

ကမ္ဘာမြေ၏ အဝေးအခြားသောဂြိုဟ်များ၌ သက်ရှိသတ္တဝါများဖြစ်တည်နေနိုင်ကြောင်း သက်သေပြနိုင်မည့်အထောက်အထားသစ်တစ်ရပ်ကို အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲမှုအေဂျင်စီ(နာဆာ)မှ နက္ခတ္တဇီဝဗေဒသိပ္ပံပညာရှင်တစ်ဦးက တွေ့ရှိခဲ့ကြောင်း မတ် ၆ရက် သတင်းများတွင် ဖော်ပြသည်။



နာဆာအဖွဲ့မှ နက္ခတ္တဇီဝဗေဒပညာရှင် ဒေါက်တာရစ်ချက်ဘီဟိုးဗားသည် CI-1 Carbonaceous Chondrites အမည်ရှိ ရှားပါးဥက္ကာခဲသုံးခဲကို ဖြတ်တောက်လေ့လာခဲ့ရာ ဗက်တီးရီးယားပိုးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဒေါက်တာဟိုးဗားသည် အန္တာတိက၊ ဆိုက်ဘေးရီးယားနှင့် အလာစကာ စသောဒေသများ၌ ဥက္ကာခဲများ ရှာဖွေစုဆောင်းကာ ၁၀ နှစ်ကြာမျှ သုတေသနပြု လေ့လာခဲ့သူတစ်ဦးဖြစ်သည်။

CI-1 ဥက္ကာခဲများကို အဆင့်မြင့်နည်းပညာသုံး အဏုကြည့်ကိရိယာများဖြင့် လေ့လာစဉ်အတွင်း ဒေါက်တာဟိုးဗားတွေ့ရှိခဲ့သော ဗက်တီးရီးယားပိုး ကျောက်ဖြစ်ရုပ်ကြွင်းများသည် ကမ္ဘာမြေ၌ တွေ့ရှိရသော Titanospirillum Velon အမည်ရှိ အဏုဇီဝပိုးနှင့် အရွယ်အစားနှင့် ဖွဲ့စည်းပုံကွာခြားမှု သိပ်မရှိပေ။

ဒေါက်တာဟိုးဗား၏ တွေ့ရှိမှုကို အတည်ပြုနိုင်ခဲ့ပါက စကြဝဠာအတွင်း အခြားသက်ရှိသတ္တဝါများ တည်ရှိနိုင်ဖွယ်ရှိမှုနှင့် ကမ္ဘာမြေပေါ်မှ သက်ရှိများ၏ မူလဇီဇသည် ကမ္ဘာမြေပေါ်သို့ ကျရောက်ခဲ့သော ဥက္ကာခဲများနှင့်တူသည်ဆိုသည့် အယူအဆကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

CI-1 ဥက္ကာခဲများအတွင်း အခြားကမ္ဘာမှ သက်ရှိတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိမှုကို စကြဝဠာဗေဒ သိပ္ပံစာစောင်တွင် မတ် ၄ ရက်က ဖော်ပြခဲ့ရာ ကမ္ဘာ့သိပ္ပံပညာရှင် အဝန်းအဝိုင်းအတွင်း ပွက်လောရိုက်ခဲ့သည်။

ဒေါက်တာဟိုးဗား၏ လေ့လာတွေ့ရှိချက်ကို စာတမ်းအဖြစ်ထုတ်ပြန်ခြင်းမပြုမီကပင် လေ့လာသုံးသပ်ရန်နှင့် ထင်မြင်ချက်များရယူနိုင်ရန် ကျွမ်းကျင်သူ ၁၀၀နှင့် ကမ္ဘာအရပ်ရပ်မှ သိပ္ပံပညာရှင် ၅၀၀၀ ကျော်ကို ဖိတ်ခေါ်ထားကြောင်း စကြဝဠာဗေဒ သိပ္ပံဂျာနယ်က ပြောကြားသည်။

ဒေါက်တာဟိုးဗား၏ ရှာဖွေတွေ့ရှိမှုသည် မှန်ကန်ခဲ့သည့်တိုင် ယင်းတွေ့ရှိချက်များကို "သက်ရှိဖြစ်ဖွယ်အလားအလာ"အဖြစ်သာ လက်ရှိတွင်မှတ်ယူထားသင့်ပြီး မှန်ကန်ကြောင်း အတည်ပြုနိုင်ရန် သိပ္ပံပညာရှင်များက သုတေသနပြုလုပ်မှုများ ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **အင်တာနက်။**

ဘရာဇီးဘာသာရေးပွဲတော်အတွင်း လမ်းမတော်တဆမှုကြောင့် လူ ၉၀ ကျော်သေဆုံး

ရီယိုဒီဂျနေးရိုး မတ် ၇

ဘရာဇီးနိုင်ငံ၏ အရေးအကြီးဆုံး နှစ်စဉ်ပွဲတော်တစ်ခုဖြစ်သည့် ဘရင်ဂျီ ခရစ်ယာန်ဝါဝင်ပွဲတော်ကာလအတွင်း လမ်းမတော်တဆမှုများကြောင့် အနည်းဆုံး လူ ၉၅ဦးသေဆုံး၍ ၉၀၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဘရာဇီးရဲတပ်ဖွဲ့က မတ် ၆ရက်တွင် ပြောကြားသည်။

လမ်းမတော်တဆဖြစ်စဉ် ကိန်းဂဏန်းများအရ မတ် ၅ရက် တစ်ရက်တည်းတွင် လမ်းမတော်တဆမှု ၁၀၄၆မှုရှိခဲ့ပြီး ၅၈ဦးသေဆုံး၍ ၅၅၅ဦး ဒဏ်ရာရခဲ့ကြောင်း ဘရာဇီးရဲတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။ မတ် ၄ ရက်တွင် လမ်းမတော်တဆဖြစ်စဉ်ပေါင်း ၉၆၀ ဖြစ်ပွားခဲ့ပြီး ၃၉၄ ဦး ဒဏ်ရာရကာ ၃၇ဦး သေဆုံးခဲ့ကြောင်း ဘရာဇီးရဲတပ်ဖွဲ့က ပြောကြားသည်။

မတ် ၅ ရက်စစ်ဆေးမှုများအရ ဘရာဇီးရဲတပ်ဖွဲ့သည် အရက်မူးပြီး ယာဉ်မောင်းသူ ၇၅ဦးကို ဖမ်းဆီးနိုင်ခဲ့သည်ဟု ဆိုသည်။ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ နှစ်စဉ်ကျင်းပသော ဘရင်ဂျီခရစ်ယာန်ဝါဝင်ပွဲတော်သည် ကမ္ဘာပေါ်၌ အထင်ရှားဆုံးပွဲတော်များတွင် ပါဝင်ပြီး ပွဲတော်ကာလအတွင်း လမ်းမတော်တဆဖြစ်စဉ်များ ပိုမိုတိုးမြင့်ဖြစ်ပွားလျက်ရှိသည်။ **အေပီ။**

ဆေးပညာသတင်းဆန်းများ (၁၂)

ဒေါက်တာကံညွန့်

ယခုအပတ် ဆေးပညာသတင်းဆန်းများတင်ပြရာမှာ ယခုနှစ် ဇူလိုင် ဒုတိယအပတ်က Austria နိုင်ငံ ဗီယင်နာမြို့မှာ ကျင်းပတဲ့ (၁၈)ကြိမ်မြောက် နိုင်ငံတကာ AIDS ညီလာခံက ထွက်ပေါ်လာတဲ့ ဝမ်းသာစရာ သတင်းကောင်းတွေကို ဦးစားပေးတင်ပြလိုပါတယ်။ ဒါကတော့ အာဖရိက (၁၆)နိုင်ငံရှိ လူငယ်တွေကြားမှာ AIDS ရောဂါ ဖြစ်ပွားမှု သိသိသာသာ ကျဆင်းလာတယ်ဆိုတဲ့ အကြောင်းပါပဲ။ ဒါဟာ လူငယ်တွေကြား AIDS ရောဂါအကြောင်း ပညာပေးမှု များလာတာကြောင့်ရယ်၊ လူငယ်တွေ Condom အသုံးပြုမှု များလာတာရယ်နှင့် ART ဆေးတွေကို AIDS ရောဂါဖြစ်နေသူတွေကို လုံလောက်စွာ ပေးနိုင်တာကြောင့်လို့ ထောက်ပြထားကြပါတယ်။ နောက်ပြီး အမျိုးသမီးတွေမှာ ပဋိသန္ဓေကာကွယ်ရာမှာ အသုံးပြုတဲ့ Ring နှင့်အတူ ART ဆေးတစ်ခု ဖြစ်သည့် Tenofovir ဆေးနှင့်ပြုလုပ်ထားတဲ့ Gel အသုံးပြုမှုဟာလည်း AIDS ကို ၅၀ရာခိုင်နှုန်း ကာကွယ်နိုင်ကြောင်း စာတမ်းတစ်စောင်မှာ ဖော်ပြထားပါတယ်။

နောက် အများသိသင့်တဲ့ အချက်ကလည်း ယခင်က AIDS ဝေဒနာရှင် အမျိုးသမီးတွေဟာ ကလေးမွေးလာရင် ကလေးကို မိခင်နို့ မတိုက်ဖို့ တားမြစ်ခဲ့ကြပါတယ်။ ယခုတော့ ထိုသို့မဟုတ်ဘဲ မိခင်နို့ တိုက်ကို တိုက်ရမှာဖြစ်ပြီး ထိုသို့တိုက်မှသာ မွေးစကလေးမှာ မိခင်ဆီက ကိုယ်ခံစွမ်းအား Anitbodies တွေ ရနိုင်ပြီး AIDS နှင့်အတူတွဲ ဖြစ်ပေါ်လာနိုင်တဲ့ တီဘီရောဂါ၊ အဆုတ်ရောဂါနှင့် တခြားရောဂါတွေကို ကာကွယ်နိုင်မှာဖြစ်ကြောင်း တင်ပြထားကြပါတယ်။ နောက်ပြီး AIDS ရောဂါမွေးစကလေးတွေကို မကူးစက်နိုင်အောင် AIDS ဖြစ်နေတဲ့ မိခင်တွေကို ကိုယ်ဝန်ဆောင်ချိန်မှာ ART ဆေးကို လုံလောက်စွာပေးပြီး ကုသနိုင်ပါက ကလေးမှာ AIDS ကူးစက်ခြင်းက ကာကွယ်နိုင်တာကိုလည်း တွေ့ရှိ ရတယ်လို့ စာတမ်းတစ်စောင်မှာ ဖော်ပြထားပါတယ်။ ဒါကြောင့် မိခင်လောင်းများဖြစ်နေတာနဲ့ တစ်ပြိုင်နက် AIDS ရောဂါရှိ/မရှိ ကြိုတင်အစစ်ဆေးခံကြဖို့နဲ့ မိမိရင်သွေးမှာ HIV ပိုးမပါသွားအောင် စောစီးစွာ ဆေးကုသမှုခံယူထားကြဖို့ တိုက်တွန်းထားပါတယ်။ ယခုအခါ AIDS ရောဂါတိုက်ဖျက်တဲ့ဆေးဝါးများကို ဝေဒနာရှင် ၁ ဒသမ ၂ သန်း အတွက် ပိုမိုပေးနိုင်ခဲ့ပြီး စုစုပေါင်း ဝေဒနာရှင် ၅ ဒသမ ၂ သန်းကို ဆေးဝါးများ အခမဲ့ပေးနိုင်ခဲ့ပြီလို့ သိရပါတယ်။ ဒါကတော့ Austira နိုင်ငံ ဗီယင်နာမြို့မှာ ပြုလုပ်ခဲ့တဲ့ (၁၈)ကြိမ်မြောက် နိုင်ငံတကာ AIDS ညီလာခံက ထွက်ပေါ်လာတဲ့ သတင်းကောင်းတွေပါပဲ။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အဝလွန်သူတွေဟာ သာမန်လူတွေထက် ကင်ဆာရောဂါတချို့ ပိုဖြစ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒါဟာ အာရှပစိဖိတ်နိုင်ငံတွေမှာ ပိုဆိုးနေကြောင်း အာရှ၊ Australia နှင့် နယူးဇီလန်နိုင်ငံတွေက လူပေါင်း ၄၂၄၅၀၀ ကို လေ့လာပြီး ပေါ်ထွက်လာတဲ့ သတင်းပါ။ အဝလွန်သူတွေဟာ သာမန်လူတွေထက် ၆ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်းအထိ ကင်ဆာရောဂါ ပိုဖြစ်နိုင်ကြောင်းနှင့် ၎င်းတို့မှာ ဖြစ်တတ်တဲ့ ကင်ဆာရောဂါတွေကတော့ အူမကြီး၊ စအို၊ သားဥ၊ သားအိမ်၊ ဆီးကျိတ်နှင့် သွေးကင်ဆာတို့ ဖြစ်နိုင်ကြောင်း၊ အသက် (၆၀) ကျော် အဝလွန်သူအမျိုးသမီးတွေဟာ သာမန်အမျိုးသမီးတွေထက် ရင်သားကင်ဆာဖြစ်ဖို့ အလားအလာပိုရှိကြောင်း တင်ပြထားကြပါတယ်။

နောက်တစ်ပုဒ်ကလည်း အဝလွန်သူတွေရဲ့သတင်းပါပဲ။ အမေရိကန်နိုင်ငံမှာ ၁၉၉၁ ခုနှစ်လောက်က ဘယ်ပြည်နယ်မှာမှ အဝလွန်သူ ၂၀ ရာခိုင်နှုန်းထက် ပိုမရှိခဲ့ပါဘူး။ ဒါပေမယ့် ယခု TFAH လို့ ခေါ်တဲ့ Trust For America's Health အသင်းကြီးနှင့် RWJF ခေါ်တဲ့ Robert Wood Johnson Foundation ကြီးရဲ့ လေ့လာချက်အရ အမေရိကန်ပြည်နယ်အားလုံးရဲ့ သုံးပုံနှစ်ပုံရှိတဲ့ ပြည်နယ် ၃၈ ပြည်နယ်မှာ လူကြီးတွေရဲ့ အဝလွန်နှုန်းဟာ ၂၅ ရာခိုင်နှုန်း ကျော်နေပြီလို့ သိရပါတယ်။ ဒီပြဿနာတွေကိုသာ မဖြေရှင်းဘူးဆိုရင် ကျန်းမာရေးဆိုင်ရာ ပြဿနာတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိတယ်လို့ TFAH အသင်းကြီးရဲ့ ညွှန်ကြားရေးမှူး Jeffrey Levi က ထောက်ပြထားပါတယ်။

နောက် Sweden နိုင်ငံ Stockholm မြို့မှာ ကျင်းပခဲ့တဲ့ International Congress on Obesity မှာ တင်ပြခဲ့တဲ့ လေ့လာချက်စာတမ်းတစ်စောင်အရ အများအားဖြင့် အဝလွန်သူတွေဟာ အသက် ၂၀ ဝန်းကျင်က စခဲ့ကြကြောင်း၊ အသက်ကြီးမှ ဝသူတွေနည်းပါးကြောင်း၊ ယင်းအဝလွန်သူတွေဟာ သာမန်လူတွေထက် ရှစ်နှစ်စောပြီး သေဆုံးနိုင်ကြောင်း သိရပါတယ်။ ယင်းညီလာခံက စာတမ်းတစ်စောင်မှာပဲ အဝလွန်သူတွေမှာရှိတတ်တဲ့ FTO ဆိုတဲ့ Gene ဟာ အသက်ကြီးလာတဲ့အခါ ဦးနှောက်မှာဖြစ်တတ်တဲ့ Alzheimer, Demantia ခေါ်တဲ့ အမေ့လွန်ရောဂါတွေနဲ့ ဆက်စပ်နေတာကြောင့် ၎င်းရောဂါတွေဟာ အဝလွန်သူတွေမှာ ပိုဖြစ်နိုင်ကြောင်း ဆွီဒင်နိုင်ငံသား အသက် ၇၅ နှစ်ကျော် လူပေါင်း ၁၀၀၀ ကျော်ကို ကိုးနှစ်ကြာ လေ့လာပြီးတွေ့ရှိရတယ်လို့ ဖော်ပြထားပါတယ်။ ဒါကတော့ အဝလွန်သူတွေရဲ့အကြောင်း သုတေသနလုပ်ထားသမျှ ဖော်ပြလိုက်ရတဲ့ သတင်းပါပဲ။

ဒါကြောင့် အဝလွန်သူတွေဟာ အများအားဖြင့် အသက်(၂၀-၂၅) အရွယ်ကပဲ ဝတတ်ကြတာမို့ ယင်းအရွယ်ကပဲ အစားအသောက်ထိန်းခြင်း၊ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ လုပ်နေဖို့လိုပါတယ်။ ကိုယ်ဝနေလား မဝဘူးလားဆိုတာသိနိုင်ဖို့က Body Mass Index (BMI) လို့ခေါ်တဲ့ ကိုယ့်ရဲ့အဝညွှန်းကိန်းကို သိထားဖို့လိုပါတယ်။ ဒီညွှန်းကိန်းက ကိုယ့်အလေးချိန် Kilogram ကို ကိုယ့်ရဲ့အရပ်(မီတာ) နှစ်ထပ်နှင့်စားရင်ရတဲ့ကိန်းပါ။ ဥပမာ ကိုယ့်အလေးချိန် 60 kgm ၊ ကိုယ့်အရပ်က 1.5 မီတာဆိုရင် $\frac{60}{1.5x1.5} = \frac{60}{2.5} = 26.6$ ဆိုရင် နည်းနည်း Over Weight ဖြစ်ပါတယ်။

Normal က ၁၈. ၅ ကနေ ၂၅ အထိရှိပြီး Under Weight က ၁၈. ၅ ရဲ့ အောက်မှာရှိတာပါ။ Over Weight က ၂၅ ကနေ ၃၀ အထိ သတ်မှတ်ပြီး ၃၀ ထက် ကျော်သူတွေကိုတော့ အဝလွန်သူ (Obese) လို့ သတ်မှတ်ပါတယ်။ ဒီစံနှုန်းနှင့် ချင့်ချိန်ပြီး နေကြရပါမယ်။

နောက်တင်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ဇနီးမယားနဲ့ အသက်အရွယ်ကြီးရင့်လာသည်အထိ စိတ်ချမ်းသာစွာ ပေါင်းသင်းနေထိုင်ရတဲ့ အိမ်ထောင်ရှင်ယောက်ျားတွေဟာ လေဖြတ်ခြင်း၊ နှလုံးရောဂါနှင့် ရုတ်တရက် အသက်ဆုံးရှုံးရခြင်းတွေက လွတ်မြောက်နိုင်တယ်လို့ အစ္စရေးနိုင်ငံ Tel Aviv တက္ကသိုလ်က ဆေးသိပ္ပံပညာရှင်တစ်စုက လေ့လာထားတာကိုလည်း တင်ပြလိုပါတယ်။ ဒီလေ့လာချက်ကို ၁၉၆၃ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ၃၄ နှစ်ကြာ အစ္စရေးနိုင်ငံသား လူပေါင်း ၁၀၀၅၉ ဦးကို အခြေခံထားပြီး လေ့လာခဲ့ကြတာလို့ဆိုပါတယ်။ ၎င်းတို့ လေ့လာချက်အရ တစ်ဦးတည်းနေသူတွေနှင့် အိမ်ထောင်ရေးမှာ အဆင်မပြေသူတွေဟာ အိမ်ထောင်ရေးအဆင်ပြေသူတွေထက် လေဖြတ်ခြင်းနှင့် နှလုံးရောဂါဖြစ်ဖို့ ၆၄ ရာခိုင်နှုန်း ပိုများကြောင်း တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ဟာ အမေရိကန်နိုင်ငံ South Carolina ပြည်နယ်က သုတေသီတစ်စုရဲ့ လေ့လာချက်နှင့်လည်း တူညီနေကြောင်း တင်ပြထားကြပါတယ်။

ဒါနဲ့ အနည်းငယ်ပတ်သက်နေတဲ့ လေ့လာချက်သတင်းတစ်ပုဒ်မှာလည်း အချစ်ရေးမှာ အဆင်မပြေဖြစ်ခဲ့ရင် ယောက်ျားလေးတွေက မိန်းကလေးတွေထက် စိတ်ဆင်းရဲမှု ပိုမိုပြင်းထန်စွာခံစားရတယ်လို့ ဖော်ပြထားပါတယ်။ ဒီလေ့လာချက်ကလည်း အမေရိကန်နိုင်ငံ North Carolina ပြည်နယ်က Winston Salem University က သုတေသီတစ်စုက လေ့လာထားချက်ပါ။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အရပ်တိုတဲ့ လူတွေဟာ ပုံမှန်အရပ်ရှိသူတွေထက် နှလုံးရောဂါဖြစ်ဖို့ အခွင့်အလမ်း ၅၀ ရာခိုင်နှုန်းခန့် ပိုရှိတယ်လို့ လေ့လာထားချက်ကို တင်ပြလိုပါတယ်။ ဒီလိုဆက်နွှယ်မှုရှိကြောင်း ယခင်က စာတမ်း ၅၂ စောင်မှာ ဖော်ပြခဲ့ဖူးပါတယ်။ ယခု ဖင်လန်နိုင်ငံမှာ ထပ်မံပြုလုပ်တဲ့ သုတေသနတစ်ရပ်မှာ ဖင်လန်နိုင်ငံသား ယောက်ျား မိန်းမ သုံးသန်းကျော်ကို လေ့လာပြီး ထွက်ပေါ်လာတာဖြစ်ပါတယ်။ သူတို့ စံနှုန်းအရ အရပ်တိုသူကို ၁၆၀ စင်တီမီတာ (သို့) ၅ ပေ ၃ လက်မထက် နိမ့်သူလို့ သတ်မှတ်ပြီး အရပ်ရှည်သူအဖြစ် ၁၇၄ စင်တီမီတာ (သို့) ၅ ပေ ၉လက်မ အထက် အရှည်ရှိသူလို့ သတ်မှတ်ထားပါတယ်။ ၎င်းနှစ်ခုကြားထဲမှ လူများကိုတော့ ပုံမှန်အရပ်ရှိသူအဖြစ် သတ်မှတ်ထားကြပါတယ်။

ယခုနောက်ဆုံးဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ထိခိုက်ဒဏ်ရာရပြီး သွေးအလွယ်တကူ မသွင်းပေးနိုင်တဲ့ လူနာတွေမှာ အရေးပေါ်အနေဖြင့် သွေးတိတ်ဆေးတစ်ခုဖြစ်တဲ့ TXA လို့ခေါ်တဲ့ Tranexamic Acid ထိုးဆေးကို ထိုးပေးနိုင်ပါက သွေးထွက်လွန်ပြီး ဆုံးပါးသွားမယ့်အရေးကနေ ၁၅ရာခိုင်နှုန်းခန့် ကယ်တင်နိုင်မယ်ဆိုတဲ့ သတင်းပါပဲ။

ကမ္ဘာတစ်လွှား တစ်နှစ်မှာ လူပေါင်း အနည်းဆုံး ခြောက်သိန်းခန့်ဟာ ထိခိုက်ဒဏ်ရာကြောင့် သေဆုံးနေကြောင်း၊ ဒီကုသမှုကြောင့် အနည်းဆုံး လူပေါင်း တစ်သိန်းလောက်ကိုတော့ ကယ်တင်နိုင်လိမ့်မယ်လို့ မျှော်လင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်တဲ့ အစီရင်ခံစာတစ်ခုမှာ တင်ပြထားပါတယ်။ ထိခိုက်ဒဏ်ရာရခြင်းကြောင့် သေဆုံးရတဲ့အကြောင်းရင်းက သွေးထွက်လွန်မှုကြောင့်ဖြစ်ပြီး ဒီထိခိုက်ဒဏ်ရာရသူအားလုံးကိုသာ ဒီသွေးတိတ်ဆေးထိုးပေးနိုင်ခဲ့ရင် လူနာဆယ်ပုံ တစ်ပုံရဲ့ အသက်ကို ကယ်နိုင်လိမ့်မယ်ဖြစ်ကြောင်း လူ ၂၀၀၀၀ ကျော်ကို စမ်းသပ်ခဲ့ပြီးလုပ်ထားတဲ့ သုတေသနတစ်ခုကို အခြေခံပြီး ထွက်ပေါ်လာတဲ့သတင်းကို တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ အစီရင်ခံခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

ချောင်းဦးမြို့နယ်၌ ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

မုံရွာ မတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကင်မွန်းတော်ကျေးရွာ "လင်းရောင်ခြည်" စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးတင်သန်းဝင်း၊ ချောင်းဦးမြို့နယ်ဥက္ကဋ္ဌ ဦးဖြိုးမင်းထိုက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထိုက်ထိုက်ဇော်၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးစောလင်း၊ မြို့နယ်ဝါလုပ်ငန်း မန်နေဂျာ ဦးနိုင်ဝင်း၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးဖိုးချိုတို့က ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူး ဦးတင်သန်းဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးဖြိုးမင်းထိုက်နှင့် အဖွဲ့ဝင်များက ကျေးရွာဥက္ကဋ္ဌ ဦးတင်ထွန်း၊ စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းလွင်နှင့် ကျေးရွာ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက စာကြည့်တိုက်ဆောက်လုပ်နေမှုကို သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် ကျေးရွာပြည်သူများ ပူးပေါင်းဆောင်ရွက်ရေး၊ တိုင်းဒေသကြီးဦးစီးမှူးက ကျေးရွာပြည်သူများ စာဖတ်ရှိန် မြင့်မားရေး၊ စံ(၅)ရပ်နှင့်ပြည့်စုံသည့် စာကြည့်တိုက်ဖြစ်ထွန်းရေးနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဦးစီးမှူးနှင့် အဖွဲ့ဝင်များသည် ရွှေကူကျေးရွာ "ရွှေဝတ်မှုန်" စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** ရပ်ကွက်ဥက္ကဋ္ဌ ဦးညွန့်ဝင်းလှိုင်၊ စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးကျော်နှင့် ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ စာကြည့်တိုက် ဆောက်လုပ်နေမှုကို သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် ကျေးရွာပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(တိုင်းဒေသကြီးပြန်/ဆက်)

မန္တလေးမြို့တော်ခန်းမ(၁)၌ LIFESTYLES MOTORS & BIKE SHOW 2011 ကျင်းပမည်

ရန်ကုန် မတ် ၇

မန္တလေးမြို့၌ မတ် ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် LIFESTYLES MOTORS & BIKE SHOW 2011 ၏ စီးပွားရေးလုပ်ငန်းရှင်ကြီးများ တွေ့ဆုံပွဲနှင့် စာနယ်ဇင်းမိတ်ဆက်ပွဲကို မတ် ၃ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ CHATRIUM ဟိုတယ်၌ ကျင်းပသည်။

LIFESTYLES MOTORS & BIKE SHOW 2011 ၌ LIFESTYLES ကဏ္ဍတွင် Cosmetic, Computer & Mobile Accessories, Building Materials, Cable & Wire, Construction & Materials, Education Services, Electrical, Fashion, Foodstuffs, Furniture, Gas Cookers & Accessories, Generators & Transformers, Hospitals, Medical Equipment & Medicines အစရှိသော ကုန်ပစ္စည်းများ၊ Motors ကဏ္ဍတွင် Motors industry, Car Wheels, Tyres & Tubes, Car Spare Parts & Accessories, Lubricants အစရှိသော ကုန်ပစ္စည်းများနှင့် BIKE SHOW ကဏ္ဍတွင် Motor Cycle & Accessories Parts ပစ္စည်းများ ပါဝင်ပြသမည်ဖြစ်ပြီး ပြခန်းပေါင်း ၁၀၀ ကျော် ပါဝင်ပြသရောင်းချသွားမည်ဖြစ်သည်။

ကုန်စည်ပြပွဲတွင် မန္တလေးမြို့မှ Mobile Mother ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချရေးကုမ္ပဏီမှ Logo အမှတ်တံဆိပ် Sponsor အဖြစ် ပါဝင်သွားမည်ဖြစ်သည်။

ပြပွဲတွင် အရောင်းပြခန်း (သို့မဟုတ်)ပြပွဲ၏ လုပ်ငန်းတံဆိပ် LOGO Sponsor များအဖြစ် ပါဝင်လိုပါက ဦးသန်းထွေး(ဥက္ကဋ္ဌ) M G B Business Group အမှတ် (၇၈) ကျိုက္ကဆံလမ်း တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၄၉၂၅၆၀၄၈ ၊ ၀၉-၅၁၂၃၃၄၅ နှင့် ဦးမင်းအောင် (Super Power) ဖုန်း-၀၁-၇၀၄၈၁၄ နှင့် ၀၉-၅၀၀၄၅၂၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရှင်းလင်း ပြောကြား

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

☆ **ရွှေဖုံးမှ**

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၁ တွင် "ကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စိစစ်ပြီး လွှတ်တော်သို့ တင်ပြရမည်" ဟု ပြဋ္ဌာန်းသတ်မှတ်ထားပါကြောင်း၊ ၎င်းသတ်မှတ်ချက်အရ ကော်မတီသည် ပြည်သူ့လွှတ်တော်တွင် ကိုယ်စားလှယ်များ၏ မေးမြန်းချက်အပေါ် ဖြေကြားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းက မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ဆိုသည့် စကား၊ ကတိ၊ အာမခံချက်မျိုးကို မှတ်တမ်းတင်ထားပြီး တာဝန်ယူဆောင်ရွက်မှု အခြေအနေများကို စိစစ်ရမည်ဖြစ်ပါကြောင်း၊ ၎င်းနှင့်ဆက်စပ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံစာများနှင့် စပ်လျဉ်းပြီး ကတိပြုထားသည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များလည်း အကျုံးဝင်သက်ဆိုင်မှာဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်းပြီး စိစစ်ဆောင်ရွက်နိုင်ရန်အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းခြင်း ဖြစ်ပါကြောင်း။

ဖွဲ့စည်းခြင်းနှင့် တစ်ဆက်တည်းမှာပင် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄ အရ ကော်မတီ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်း လွှတ်တော်ကသတ်မှတ်ပေးရန် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းရန် လျာထားပါကြောင်း၊ ကော်မတီဝင်များ၏ သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး လွှတ်တော်က သတ်မှတ်ပေးမည့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ကော်မတီဝင်၏ ရပိုင်ခွင့်၊ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှာ ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ တာဝန်များမှာ-

(၁) ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံစာနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်သူ့လွှတ်တော်တွင် ဖြေကြားသောမေးခွန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရမည်။

(၂) ကော်မတီသည် ပြည်သူ့လွှတ်တော်တွင် အခါအားလျော်စွာ ကတိပြုခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စိစစ်ပြီး အောက်ပါအချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်-

(က) ပြည်ထောင်စုအစိုးရက ၎င်း၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးကြောင်း၊

(ခ) အဆိုပါ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပြီးဖြစ်လျှင် ထိုသို့ ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့် ကာလအတွင်း ဆောင်ရွက်ပြီးခြင်း ရှိ၊ မရှိနှင့် မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ၊ မရှိ။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

(၃) အထက်ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်။

(၄) သာမန်အားဖြင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ကော်မတီက စိစစ်ရာတွင်-

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးနိုင်ခွင့်ရှိရမည်။

(ဂ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(၅) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ ပြည်သူ့လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်ဟူ၍ဖြစ်သည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ-

(၁) ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၇၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(၂) ကော်မတီသည်-

(က) ပြည်သူ့လွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း အပြီးသတ် အစီရင်ခံစာ တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။

(ခ) အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။ ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း တင်ပြရမည်။

(ဂ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဃ) အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးက သော်လည်းကောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။ ယင်းအဆို အတည်ဖြစ်ပြီးသောအခါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကပေးသည့် ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များကို ရယူနိုင်သည်။ သို့ရာတွင် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်များ မပြုလုပ်ရ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို ပြည်သူ့လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(၃) ကော်မတီဝင်များသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ပြည်သူ့လွှတ်တော်၏ လွှတ်တော်ကော်မတီအများဆုံး နှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ-

(၁) ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(၂) ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့အစည်း၏အကြီးအမှူးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ထို့နောက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းရန် လျာထားသူများစာရင်းကို ကြေညာပြီး အဖွဲ့ဝင်အဖြစ် ပါဝင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကို ပြန်လည်စတင်ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ ၃၃ နှင့် ၆၇ တို့အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး အဖွဲ့ဝင်များမှာ-

(၁)	ဦးစိုင်းစောတင်	မိုင်းယောင်း မဲဆန္ဒနယ်
(၂)	ဦးရှိန်ကျော်ဝင်း	ဆိပ်ဖြူ မဲဆန္ဒနယ်
(၃)	ဒေါ်ခင်စောဝေ	ရသေ့တောင် မဲဆန္ဒနယ်
(၄)	ဦးစောနေကော်ကြီး	သံတောင်ကြီး မဲဆန္ဒနယ်
(၅)	ဦးဝင်းစိန်	ကဝ မဲဆန္ဒနယ်
(၆)	ဦးသန်းမြင့်	ဆားလင်းကြီး မဲဆန္ဒနယ်
(၇)	ဒေါ်စုစုလှိုင်	ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်
(၈)	ဒေါက်တာမောင်မောင်ဝင့်	ဗဟန်း မဲဆန္ဒနယ်
(၉)	ဦးကိုကိုလွင်	မော်လမြိုင်ကျွန်း မဲဆန္ဒနယ်
(၁၀)	ဦးမြင့်ထွန်း	ကော့သောင်း မဲဆန္ဒနယ်
(၁၁)	ဦးသန်းထွန်း	ဒီပဲယင်း မဲဆန္ဒနယ်
(၁၂)	ဦးအောင်စိန်	မာန်အောင် မဲဆန္ဒနယ်
(၁၃)	ဦးဌေးဝင်း	လယ်ဝေး မဲဆန္ဒနယ်
(၁၄)	ဦးဝင်းသန်း	သာပေါင်း မဲဆန္ဒနယ်
(၁၅)	ဦးအေးမောက်	မလှိုင် မဲဆန္ဒနယ်

တို့ဖြစ်ကြပြီး ကော်မတီဥက္ကဋ္ဌအဖြစ် ကဝမဲဆန္ဒနယ်မှ ဦးဝင်းစိန်အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့်အား လည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လည်းကောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို လည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုသည့်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ရှင်းလင်းပြောကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေများနှင့်အညီ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဟူသည့် ကော်မတီ(၄)ရပ်ကို ယနေ့အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများကိုလည်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူလျက် သတ်မှတ်ပေးပြီးဖြစ်ပါကြောင်း။

လွှတ်တော်အနေဖြင့် အဆိုပါကော်မတီများအပြင် လိုအပ်ပါက ကော်မရှင်များ၊ အဖွဲ့များ ဖွဲ့စည်းပြီး ဆောင်ရွက်ခွင့်ရှိပါကြောင်း၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✻

✻ စာမျက်နှာ ၆ မှ

ဌာနကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ ဖြစ်ကြပါကြောင်း၊ လွှတ်တော်ကျင်းပချိန်တွင် ကော်မတီများသည် လွှတ်တော်ကို တာဝန်ခံထားရပြီး လွှတ်တော်ကျင်းပချိန် မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌအား တာဝန်ခံရမည်ဖြစ်သည်ကိုလည်း သိရှိကြပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာပိုင် ဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံတော်အား စီမံအုပ်ချုပ်ရန် နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ခဲ့ပြီး နိုင်ငံတော်သမ္မတကလည်း ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားသူကြီးအဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အခြားပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ယခုအခါ လွှတ်တော်များက လွှတ်တော်ဆိုင်ရာကိစ္စများ ဆောင်ရွက်လျက်ရှိသည့်နည်းတူ ပြည်ထောင်စုအစိုးရအဖွဲ့သည်လည်း ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စများကို မကြာတော့သည့်ကာလ၌ စတင်ဆောင်ရွက်သွားကြရတော့မည်ဖြစ်ကြောင်း၊ လွှတ်တော်သည် ဥပဒေပြုရန် အဓိကတာဝန်ရှိသည်နှင့်အညီ ဥပဒေရေးရာလုပ်ငန်းများနှင့် ဆက်စပ်နေသည့်ကိစ္စရပ်များကို လာမည့် မတ်လ ၉ ရက်နေ့မှ စတင်ဆောင်ရွက်ကြရတော့မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ကြရာ၌ ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် မိမိတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို စနစ်တကျ စည်းကမ်းရှိစွာ ကျင့်သုံးဆောင်ရွက်သွားကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

ကိုယ်စားလှယ်ကြီးများအနေဖြင့်လည်း မိမိတို့ဒေသတွင်း၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို လွှတ်တော်များမှတစ်ဆင့် အစိုးရအဖွဲ့အစည်းများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေကြမ်းများ တင်သွင်းခြင်း စသည်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆွေးနွေးနိုင်ကြတော့မှာဖြစ်ကြောင်း၊ လွှတ်တော်များအတွင်း မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းလုပ်ငန်းစဉ်များ၌ ပြည်သူ့ကိုယ်စားလှယ်များပီပီ အဆင့်အတန်းနှင့် ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် စနစ်တကျ ကျင့်သုံးဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲများ မထားရှိကြဘဲ နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်ထောင်စု၏ အကျိုးစီးပွား၊ ပြည်သူတို့၏ အကျိုးစီးပွားအတွက် ထာဝစဉ်ရှေးရှုပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ထို့အတူ ရှင်းလင်းဖြေကြားဆွေးနွေးသူများကလည်း နိုင်ငံအကျိုး၊ ပြည်ထောင်စုအကျိုး၊ အများပြည်သူအကျိုးအတွက် မေးမြန်းထားခြင်းဖြစ်သည်ဟု ခံယူပြီး ရှင်းလင်းဆွေးနွေးဖြေကြားပေးရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို မတ်လ ၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ဝန်ကြီး ဦးလွန်းသီ မဒဲကျွန်းရှိ ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဒုတိယဝန်ကြီး ဦးသန်းဌေးနှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ CNPC South East Asia Pipeline ကုမ္ပဏီလီမိတက် President Mr. Zhang Jialin နှင့် တာဝန်ရှိသူများ၊ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်း Vice President Mr. Si-Bo Joo နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၅ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မဒဲကျွန်းရှိ မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်း စီမံကိန်း၏ ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ဝန်ကြီးနှင့် အဖွဲ့သည် မဒဲကျွန်းသို့ရောက်ရှိလာရာ Work Boat Wharf ၌ CNPC ကုမ္ပဏီ President Mr. Zhang Jinlin က Work Boat Wharf တည်ဆောက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ Mr. Zhang Jinlin က မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းစီမံကိန်းတွင် ပါဝင်သော Work Boat Wharf တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ဆီတင်ဆီချ ဆိပ်ကမ်း တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေမှု အခြေအနေ၊ ရေချိုဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ၊ ရေနံစိမ်းသိုကန်များ တည်ဆောက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရန် ဆိပ်ကမ်းအား မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် အစီအမံများထည့်သွင်းတည်ဆောက်ရန်၊ သဘာဝပတ်ဝန်းကျင် မပျက်စီးစေရန်အတွက် ဂရုပြုဆောင်ရွက်ရန်၊ သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်၊ နိုင်ငံခြားသားပညာရှင်များနှင့် အလုပ်သမားများ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ရန်၊ လူမှုစီးပွားအစီအစဉ်ဖြင့် ဒေသခံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အကူအညီပေးရန်တို့ကို မှာကြားသည်။

အဆိုပါတည်ဆောက်ဆဲ ရေနံစိမ်းဆီတင်ဆီချ ဆိပ်ကမ်းပြီးစီးပါက တန်ချိန် ၃၀၀၀၀၀ ဆံ့ Crude Oil Carrieer သင်္ဘောကြီးများ ဝင်ရောက်ရပ်နားကာ ဆီချပြီး မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ရေနံစိမ်းများ ပို့လွှတ်ဖြန့်ဖြူးသွားနိုင်မည်ဖြစ်သည်။ အဆိုပါဆိပ်ကမ်းမှ တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် ၂၂ သန်း ဆီချလက်ခံခြင်းကို ဆောင်ရွက်နိုင်စွမ်းရှိပြီး စီမံကိန်းလုပ်ငန်းများ ၂၀၁၃ ခုနှစ် မေလတွင် အပြီးဆောင်ရွက်ရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ကျောက်ဖြူမြို့နယ် မဒဲကျွန်းရှိ မြန်မာ-တရုတ် ရေနံစိမ်း ပိုက်လိုင်းစီမံကိန်း ဆိပ်ကမ်း တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

စီးပွားရေးလုပ်ငန်းများအတွက် လက်တွေ့အသုံးချ နည်းပညာသင်တန်းများဖွင့်မည်

ရန်ကုန် မတ် ၇

WISE International School for Executives (ABE Accredited College) က ကြီးမှူး၍ (Certificate in Research Methodology For Business) စီးပွားရေးလုပ်ငန်းများအတွက် စီမံခန့်ခွဲမှုများနှင့် ဈေးကွက်များ၊ လုပ်ငန်းများတိုးချဲ့ရာတွင် ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်စေရန် လက်တွေ့အသုံးချ Research Methodology နှင့် Techniques သင်တန်းကို မတ် ၁၁ ရက် (သောကြာနေ့)မှစ၍ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ဖွင့်လှစ်သင်ကြားသွားမည်။ သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ပြီး ညနေ ၅ နာရီခွဲမှ ည ၇ နာရီခွဲအထိ နာရီ ၂၀ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတွင် စီးပွားရေးလုပ်ငန်းများ စတင်တည်ထောင်ခြင်း၊ တည်ထောင်ပြီးလုပ်ငန်း လည်ပတ်ဆဲကာလနှင့် လုပ်ငန်း၏ Future Plan များနှင့် Management စီမံခန့်ခွဲမှုများအတွက် Research & Development Methods နှင့် Techniques များကို ကျွမ်းကျင်စွာ အသုံးချတတ်မြောက်စေရန်၊ စီးပွားရေးလုပ်ငန်းများနှင့် မည်သည့်နယ်ပယ်တွင်မဆို ထိရောက်စွာ Research လုပ်သည့် နည်းလမ်း Techniques များနှင့် လုပ်ငန်း၏ အကျိုးအမြတ်၊ တိုးတက်စေရန်အသုံးချ Research & Development Techniques များ တတ်မြောက်စေရန်၊ ကမ္ဘာနှင့်တစ်ဝန်းတွင် အရေးပါစွာ အသုံးချ Research & Development Methods သည် စီးပွားရေးလုပ်ငန်းအတွက် လက်တွေ့အသုံးချခြင်းနှင့် အရေးကြီးသည့် Methods တို့ကို Project လုပ်ခြင်းဖြင့် နားလည်တတ်မြောက်အသုံးချတတ်စေရန် Research & Development Methods များကို အသုံးချပြီး စီးပွားရေးလုပ်ငန်း၏ အရေးပါသော Business Modle/ Design တည်ဆောက်ခြင်းတို့ တတ်မြောက်လုပ်ကိုင်စေရန်၊ Business, Enterprise, Marketing, Advertising, Promotion, Project နှင့် Survey အစရှိသည်တို့ကို လုပ်ဆောင်ရာတွင် Research & Development Methods နှင့် Techniques များ၊ နိုင်ငံတကာတွင် အသုံးချနေသော Methods များ တတ်မြောက် အသုံးချနိုင်စေရန်တို့ကို သင်ကြားပေးသွားမည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းစတင်လုပ်ကိုင်ရန် ပြင်ဆင်နေသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်သင့်သည်။

Workgroup Presentation များလုပ်ခြင်း၊ Group Discussion များ၊ Brain Storming Section, Practical Project များ လက်တွေ့အသုံးချတတ်မြောက်စေရန် လက်တွေ့ Project ပြုလုပ်ခြင်းဖြင့် အထူးသင်ကြားဆွေးနွေးပို့ချပေးမည်ဖြစ်သည်။ သင်တန်းကြေးမှာ ငွေကျပ် ၅၀၀၀၀ ဖြစ်ပြီး Member များအား သင်တန်းကြေး (၄၀%)လျှော့၍ ခံစားခွင့်ပေးမည်။ အသေးစိတ်ကို WISE International School for Executives (ABE Accredited College) အခန်းအမှတ် (၁၀၀၉) (၁၀)ထပ် ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၆၁၈၃နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ကြိုတင်စာရင်းပေးနိုင်ပြီး Member အသင်းဝင်လိုသူများ ဆက်သွယ်စုံစမ်းနိုင်သည်။ WISE သင်တန်းကျောင်းတွင် Management ရက်တိုမွမ်းမံသင်တန်းများကို လစဉ်ဖွင့်လှစ်သင်ကြားပေးနေကြောင်း သိရှိရသည်။ (သတင်းစဉ်)

အထက(၂) ကမာရွတ် အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် မတ် ၇

အထက(၂) ကမာရွတ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါကျောင်းရှိ တေဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသားဟောင်း ကိုခွန်ပြည့်အေးက ကန်တော့ချိုးကို တိုင်ကြားကာ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

(ပညာရေး)

ဥတုရာသီ တောကိုမှီ၏

အမက(၁၇)စမ်းချောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည် တတိယဆုနှင့် စာစီစာကုံး တတိယဆုရရှိသူ စတုတ္ထတန်းမှ မချမ်းစုဝင်းအား မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်မြမြသန်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် မတ် ၇

"ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းရန် နည်းလမ်းများ" သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ် (၆၉)ကို ယနေ့ဖြန့်ချိလိုက်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း FITTX စနစ်ဝန်ဆောင်မှုများကို ကုမ္ပဏီနှစ်ခုကသာ လုပ်ဆောင်မည်ဟုသိရ၊ ကလေးငယ်များ ရေကျောက်ပေါက်သည့်နှုန်းများပြားလာ၊ ဆန်စပါးအထူးပြုကုမ္ပဏီများ ပိုမိုဝန်ဆောင်မှုပေးရန် တောင်သူများလိုလား၊ ၂၀၁၁ ခုနှစ်သည် ၂၀၀၈ ခုနှစ် လာနီညာရာသီဥတုနှင့် ဖြစ်စဉ်ချင်းတူညီနေသဖြင့် မိုးကြိုးမုန်တိုင်းများ ဝင်ရောက်နိုင်၊ စံချိန်တင်ရောင်းအား မြင့်တက်အောင် ရည်ရွယ်ထားတဲ့ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၊ ကမ္ဘာ့ကုလသမဂ္ဂ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ်ထိကို ယာဉ်အန္တရာယ်ကင်းရှင်းရေး ၁၀ စုနှစ်အဖြစ် အတည်ပြုဆုံးဖြတ်၊ ၂၀၁၁ နွေရာသီအတွက် မိုးဇလပညာရှင်၏ အမြင်နှင့် ဝေဒပညာရှင်၏အမြင်၊ ကျောင်းဝတ်စုံဈေးကွက်တွင် ကြိုတင်မှာယူမှုများခြင်းကြောင့် တစ်နိုင်တစ်ပိုင်အထည်ချုပ်သူများစီးပွားဖြစ်၊ နေပြည်တော်နိုင်ငံတကာလေဆိပ်သစ်ဖွင့်လှစ်နိုင်ရန် တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်၊ ရွှေနှင့်ဆက်စပ်သတ္တုများ စမ်းသပ်တိုင်းတာရေးလုပ်ငန်း ရုရှားကုမ္ပဏီလုပ်ပိုင်ခွင့်ရရှိ၊ အမှတ်(၁) အထွေထွေအကြီးစားစက်မှုလုပ်ငန်းနှင့် တရုတ် ကုမ္ပဏီတို့ ပူးပေါင်း၍ ၁၀/၁၅ တန် ကုန်တင်ယာဉ်များ ထုတ်လုပ်သွားမည်၊ မောင်နှမချင်းရန်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွား၊ အီရန်စစ်ရေးလှုပ်ရှားမှုကို ခြိမ်းခြောက်နေသည့် အစ္စရေးတို့၏ အဲရိုးဒုံးကျည်သစ်များ၊ တရုတ်ချူကလီး ယားဒုံးပျံများကို အဘယ်ကြောင့် စိုးရိမ်နေရတာလဲ၊ ချူကလီးယားစစ်ပွဲက ကမ္ဘာကြီးပူနွေးလာမှု၏ အဖြေဖြစ်၊ ရုရှားဒုံးပျံများ ဆီးရီးယားသို့ ရောင်းချမည်၊ အီရန်ရေတပ်ရှိနေမှု တီဟီရန်၏ စွမ်းအားပြသမှုဖြစ်ကြောင်း ဆီးရီးယားကာကွယ်ရေးဝန်ကြီး ပြောကြား၊ အမေရိကန်စစ်သင်္ဘောများ အရှေ့အလယ်ပိုင်းမှ ရုပ်သိမ်းရန် အီရန်တိုက်တွန်းစသည့် နောက်ဆုံး ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

ရှင်းလင်း ပြောကြား

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

❖ **ကျောဖုံးမှ**

တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို (၁၅)ဦးထက် မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်၌တင်ပြပြီး အတည်ပြုချက်ရယူ ဖွဲ့စည်းရမည် ဖြစ်ပါကြောင်း။

ဖွဲ့စည်းခြင်းနှင့် တစ်ဆက်တည်းမှာပင် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် နည်းဥပဒေ ၃၄ အရ ကော်မတီ၏အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများကိုလည်း လွှတ်တော်က သတ်မှတ်ပေးရန် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းရန် လျာထားပါကြောင်း၊ ကော်မတီဝင်များ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး လွှတ်တော်ကသတ်မှတ်ပေးမည့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှာဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ တာဝန်များမှာ -

(၁) ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံစာနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမျိုးသားလွှတ်တော်တွင် ဖြေကြားသော မေးခွန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များကို စိစစ်ရမည်။

(၂) ကော်မတီသည် အမျိုးသားလွှတ်တော်တွင် အခါအားလျော်စွာ ကတိပြုခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စိစစ်ပြီး အောက်ပါအချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်သို့ တင်ပြရမည်-

(က) ပြည်ထောင်စုအစိုးရက ၎င်း၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီးကြောင်း၊

(ခ) အဆိုပါ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပြီးဖြစ်လျှင် ထိုသို့ ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့်ကာလအတွင်း ဆောင်ရွက်ပြီးခြင်းရှိ၊ မရှိနှင့် မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ၊ မရှိ။

(၃) အထက်ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်းရှိ၊ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်။

(၄) သာမန်အားဖြင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ကော်မတီက စိစစ်ရာတွင်-

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးနိုင်ခွင့် ရှိရမည်။

(ဂ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့်တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(၅) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ အမျိုးသားလွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည် ဟူ၍ ဖြစ်သည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ-

(၁) ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၇၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(၂) ကော်မတီသည်-

(က) အမျိုးသားလွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း အပြီးသတ် အစီရင်ခံစာတင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။

(ခ) အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်ပြရမည်။ ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း တင်ပြရမည်။

(ဂ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဃ) အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်း ကောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။ ယင်းအဆို အတည်ဖြစ်ပြီးသောအခါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကပေးသည့် ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များကိုရယူနိုင်သည်။ သို့ရာတွင် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်များ မပြုလုပ်ရ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိ

လျှင် ကော်မတီဝင်တစ်ဦ...
ခံစာကို အမျိုးသားလွှတ်...
တင်သွင်းရမည်။

(၃) ကော်မတီဝင်များသည်-

(က) ပြည်ထောင်စုသမ္မတမြန်...
နှင့် အမျိုးသားလွှတ်တော...
များကို မဆန့်ကျင်လျှင်...
ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) အမျိုးသားလွှတ်တော်၏...
ထိ ပါဝင်ဆောင်ရွက်နိုင်...

(ဂ) ကော်မတီဝင်အဖြစ်မှ နု...
အကြောင်းဖော်ပြလျက်...
နိုင်ခွင့်ရှိသည် ဟူ၍ဖြစ်သ...

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အ...

(၁) ကော်မတီဝင်များသည် အမျိ...
ဖြစ်သည့်အားလျော်စွာ ကော်မ...
ဖြစ်စေ၊ ကော်မတီအစည်းအဝေ...
ရုံးစိုက်ရာဒေသတွင် ရောက်ရှိ...
ခရီးသွားလာရာ၌ လည်းကောင်...
ငွေနှင့် စရိတ်များဆိုင်ရာဥပ...
အပြင် ပြည်ထောင်စုအစိုးရအဖွဲ့...
လည်း ခံစားခွင့်ရှိသည်။

(၂) ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေး...
စပ်လျဉ်း၍ အမျိုးသားလွှ...
ဥပဒေအရ အရေးယူခံရ...

(ခ) ကော်မတီအစည်းအဝေး...
ရာ အဖွဲ့အစည်း၏...
လွှတ်တော်ဥက္ကဋ္ဌ၏ ကြို...
ခြင်းမှ ကင်းလွတ်ခွင့်ရှိသ...

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်...
မခံရမီ အမျိုးသားလွှတ်တေ...
အစည်းအဝေးများသို့ တ...

ယင်းနောက် အစိုးရ၏ အာမခံချက်မျ...
စိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းရန်...
အဖွဲ့ဝင်အဖြစ် ပါဝင်မည့် အမျိုးသားလွှတ်တေ...
အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို ပြန်လ...
ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ...
တို့အရ အစိုးရ၏ အာမခံချက်များ၊ ကတိမ...
ကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သ...

လက်မှတ်ရေးထိုး

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

AT&S က ကြီးမှူး၍ နိုင်ငံ...

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကျင်းပမည့် နိုင်ငံစုံပညာရေးပြပွဲ (Navitas' Global Education Exhibition) ကို AT&S Co., Ltd. က ကြီးမှူး၍ မတ် ၁၀ ရက်တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ မွန်းလွဲ ၁၂ နာရီခွဲမှ ည ၇ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်သည်။

နိုင်ငံတကာပညာရေးကို ဆက်လက်ဆည်းပူးရန် စိတ်ဝင်စားသူများအတွက် ဩစတြေးလျ၊ အမေရိကန်၊ ကနေဒါ၊ အင်္ဂလန်၊ စင်ကာပူနိုင်ငံများမှ Navitas နှင့် ချိတ်ဆက်ထားသော တက္ကသိုလ်ကြီး ၂၂ ခုမှ ပညာရေးအတိုင်ပင်ခံများနှင့် တွေ့ဆုံမေးမြန်းဆွေးနွေးနိုင်စေရန် စီစဉ်ခြင်းဖြစ်သည်။

ပြပွဲတွင် သက်ဆိုင်ရာကျောင်းများသို့ တက်ရောက်ရန် ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထူးအစီအစဉ်အနေဖြင့် Application Fees Waiver ရရှိမည်ဖြစ်ပြီး ကျောင်းဝင်ခွင့် လျှောက်ထားလိုသူများသည် မိမိတို့၏ ပညာရေးဆိုင်ရာစာရွက်စာတမ်းမူရင်းနှင့် မိတ္တူများကို တစ်ပါတည်း ယူဆောင်လာရမည် ဖြစ်သည်။

ပြပွဲတွင် ဘာသာရပ်ဆိုင်ရာ သီးသန့်ဟောပြောမှုများ၊ နိုင်ငံတစ်ခုချင်းစီအတွက် ပညာရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းကာ British Council ကလည်း IELTS ၊ IGCSE၊ GCE O/ A Exam များဆိုင်ရာ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၃-၂၀၁၁ (အင်္ဂါနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"အခြေခံသစ္စာတရား" တရားတော် (ဆရာတော်အရှင်အာစာရ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃၆)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၅၃)**
၈း၄၅	Core Lens လက်စွပ်ကို ဝတ်ဆင်လေသောအခါ
၈း၅၅	တပို့တွဲလမှာ ဆင်နွှဲ မြတ်လေးရုံကျောင်း၏အလှူပွဲ
၉း၀၅	ဒေသနာနယဆေးပညာတိုင်းရင်း ဆေးကျမ်းစာအုပ်မိတ်ဆက်ပွဲ
၉း၂၀	Activities in The City (Kembangan Group of Clinics မှကြီးမှူးကျင်းပသော ဟောပြောပွဲအခမ်းအနား)
၉း၄၀	Cartoon Show Time (Dragon Hunters)
၁၀း၂၀	ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ကန်တော့ပွဲ အခမ်းအနား
၁၀း၄၀	Celebrity Style (ရန်ရန်ချန်းနှင့် ချိုလီ)
၁၁း၁၀	ရန်ကုန်မြင်ကွင်းကျယ် [အဘထမ္မရိပ်သာကျောင်းတိုက် (၁၉)ကြိမ်မြောက်ထမနဲထိုးပွဲ]
၁၁း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၀	သင်ကြားရေးလမ်းညွှန် (AST Aung Scamanship Training Centre)
၁၂း၂၅	ရှိတော့ရှိတယ်ရှားတယ် (ခန့်ထက်နိုင်၊ စစ်ပိုင်၊ အမ်ဇိုင်း၊ ဟိန်းတေဇာ၊ ချစ်စနိုးဦး) (ဒါရိုက်တာ- အဓိပတိမောင်မောင်ဦး)
၁း၀၀	"အခြေခံသစ္စာတရား"တရားတော် (ဆရာတော်အရှင်အာစာရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	ကိုယ်ပိုင်ဟန်ဖက်ရှင် (လက်ဆောင်ကတ်လေးပေးချင်ရင်)
၂း၅၅	နှစ်သစ်အတွက် T-Home ရောင်စုံသကြန်
၃း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃၆)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၅၃)**
၄း၄၅	ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (အပိုင်း-၂) (အသည်းရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာ ခင်မောင်ဝင်းနှင့်တွေ့ဆုံခြင်း)
၅း၁၀	The Champion of Dance
၆း၀၀	MRTV-4 သတင်း
၆း၂၀	ရန်ကုန်မြင်ကွင်းကျယ် (ပန်းလှိုင်ဆေးရုံ၏ Emerging Adulthood)
၆း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၃၇)**
၇း၂၀	Celebrity Choice (ငယ်ငယ်)
၈း၀၀	MRTV-4 သတင်း
၈း၃၀	အနုပညာမိုးကောင်းကင်
၈း၅၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၅၄)**
၁၀း၁၀	MRTV-4 ကျန်းမာရေးကဏ္ဍ (ဆီးချိုမျက်စိရောဂါအကြောင်း သိကောင်းစရာ)
၁၀း၄၅	အလင်းတန်းများဖြာလျက် တောက်ပနေသောစွဲမက်ဖွယ်ရာ စိန်ရတနာ
၁၁း၀၅	World of Knowledge (Petronas Towers)
၁၁း၅၅	လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခဒေါက်တာ မြင့်မောင်မောင်)
၁၂း၁၅	လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၁)
၁၂း၄၅	ဖန်သားရုပ်မြင်စာဆိုသဘင် (စာရေးဆရာမ မစန္ဒာ) (စာပေနှင့်ရသ)
၁း၁၀	လှပချစ်စရာလက်မှုအနုပညာ (Love Flower)
၁း၃၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (စိတ်အပန်းဖြေစရာ အလှမွေးငါးကမ္ဘာ)
၁း၅၀	Shooting Location (ဇီဇဝါခြံ)
၂း၁၀	ပိတုန်းရောင်ကေသာဦးအတွက်. . .
၂း၂၀	ဒို့တိုင်းဌာနီဧရာဝတီ (ဧရာဝတီတိုင်း၏ ဆီထွက်သီးနှံပင်များ)
၂း၅၀	ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	သာယာလှပတောင်ပေါ်ညောင်ရွှေမှ စမ်းသပ်အောင်မြင် ပုစွန်ကန်ရေပြင်
၄း၂၀	ရင်နှစ်ပန်းတို့လန်းစေချင်
၄း၃၅	မြတ်နိဗ္ဗာန်သို့မျှော်ရည်မှန်း အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်တရားစခန်း
၄း၅၀	မြန်မာ့လက်မှုအနုလက်ရာစုံစွာ. .
၅း၀၀	အစီအစဉ်ပြီး။



လျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(၃) ကော်မတီဝင်များသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) အမျိုးသားလွှတ်တော်၏ လွှတ်တော်ကော်မတီအများဆုံး နှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည် ဟူ၍ဖြစ်သည်။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ-

(၁) ကော်မတီဝင်များသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(၂) ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ယင်းနောက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းရန် လျာထားသူများစာရင်းကို ကြေညာပြီး အဖွဲ့ဝင်အဖြစ် ပါဝင်မည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို ပြန်လည်စတင်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ ၃၃ နှင့် ၆၇ တို့အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး အဖွဲ့ဝင်များမှာ-

(၁) ဦးဂမ်ဆိုင်း ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)
(၂) ဦးစခုန်တိန့်ယိန်း ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)
(၃) ဦးလှမောင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)
(၄) ဦးစောအောင်ကျော်နိုင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)
(ခ) ရှားဘူးဖော့
(၅) ဒေါက်တာဗညားအောင်မိုး မွန်ပြည်နယ်မဲ ဆန္ဒနယ်အမှတ်(၇)
(၆) ဦးကံညွန့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)
(၇) ဦးသန်းဆွေ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)
(၈) ဒေါက်တာစိုးထွန်း မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)
(၉) ဦးမှတ်ကြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)
(၁၀) ဦးဝင်းနောင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)
(၁၁) ဦးညဏ်လင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)
(၁၂) ဒေါက်တာဌေးဝင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)
(၁၃) ဒေါက်တာအေးမောင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)
(၁၄) ဦးစိုင်းကျော်ဇောသန်း ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)
(၁၅) ဦးထွန်းကျော် (ခ) ဦးအိုက်ကျော် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)

တို့ ဖြစ်ကြသည်။ ကော်မတီဥက္ကဋ္ဌအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင်အားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်သည်။

အတည်ပြု

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကိုလည်းကောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုသည့်အတွက် အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို မတ်လ ၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

☆ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ရေး။

☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။

☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများအား တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

☆ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

AT&S က ကြီးမှူး၍ နိုင်ငံစုံပညာရေးပြပွဲ ကျင်းပမည်

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကျင်းပမည့် နိုင်ငံစုံပညာရေးပြပွဲ (Navitas' Global Education Exhibition) ကို AT&S Co., Ltd. က ကြီးမှူး၍ မတ် ၁၀ ရက်တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ မွန်းလွဲ ၁၂ နာရီခွဲမှ ည ၇ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်သည်။

နိုင်ငံတကာပညာရေးကို ဆက်လက်ဆည်းပူးရန် စိတ်ဝင်စားသူများအတွက် သြစတြေးလျ၊ အမေရိကန်၊ ကနေဒါ၊ အင်္ဂလန်၊ စင်ကာပူနိုင်ငံများမှ Navitas နှင့် ချိတ်ဆက်ထားသော တက္ကသိုလ်ကြီး ၂၂ ခုမှ ပညာရေးအတိုင်ပင်ခံများနှင့် တွေ့ဆုံမေးမြန်းဆွေးနွေးနိုင်စေရန် စီစဉ်ခြင်းဖြစ်သည်။

ပြပွဲတွင် သက်ဆိုင်ရာကျောင်းများသို့ တက်ရောက်ရန် ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထူးအစီအစဉ်အနေဖြင့် Application Fees Waiver ရရှိမည်ဖြစ်ပြီး ကျောင်းဝင်ခွင့် လျှောက်ထားလိုသူများသည် မိမိတို့၏ ပညာရေးဆိုင်ရာစာရွက်စာတမ်းမူရင်းနှင့် မိတ္တူများကို တစ်ပါတည်း ယူဆောင်လာရမည် ဖြစ်သည်။

ပြပွဲတွင် ဘာသာရပ်ဆိုင်ရာ သီးသန့်ဟောပြောမှုများ၊ နိုင်ငံတစ်ခုချင်းစီအတွက် ပညာရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းကာ British Council ကလည်း IELTS ၊ IGCSE၊ GCE O/ A Exam များဆိုင်ရာ သတင်းအချက်အလက်များကို ရှင်းလင်းဆွေးနွေးပေးမည်ဖြစ်သည်။ အမေရိကန်နှင့် ကနေဒါ တက္ကသိုလ်များသို့ TOEFL/IELTS ဖြေဆိုရန်မလိုဘဲ တိုက်ရိုက်တက်ရောက်နိုင်မည့် Navitas English Test ကို အခမဲ့ စစ်ဆေးပေးမည်ဖြစ်သည်။

ပြပွဲ တက်ရောက်လိုသူများသည် AT&S Co., Ltd. အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့ ဖုန်း- ၆၅၂၂၈၈ နှင့် ၆၅၂၃၂၀ တို့သို့ ဆက်သွယ်စုံစမ်း၍ ကြိုတင်စာရင်း ပေးသွင်းနိုင်သည်။ အီးမေးလ်ဖြင့် စာရင်းပေးသွင်းလိုပါက nvt.ats@gmail.com နှင့် ဖော်ပြပါ ဖုန်းနံပါတ်များသို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၂၄ ရက်က တာမွေ မြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မခွန်းဆင့်ဝေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးထွေးရင် ဆုချီးမြှင့်စဉ်။

(ပညာရေး)

အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၅၀၀)သို့ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် မတ် ၇

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ပဋ္ဌာန်းရောင်တော်ဖွင့်အသင်းမှ အသင်းသား၊ အသင်းသူ ၆၃ ဦးတို့သည် ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ဆေးရုံ တက်ရောက်ကုသနေသော လူနာများအတွက် အဋ္ဌမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းကြသည်။

ယင်းနောက် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)တပ်မှူးက ပဋ္ဌာန်းရောင်တော်ဖွင့်အသင်း အတွင်းရေးမှူးထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး သွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၇

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ၂၀၁၀ ခုနှစ် မတ်လမှ မေလအတွင်း Nearshore Soil Investigation အတွက် Soil Boring Survey ကို တိုင်းတာရေးရေယာဉ်၊ LCT Sumber Carrier II ရေယာဉ်ဖြင့် BH-2 နေရာ၌ လည်းကောင်း Jack-up Pontoon ရေယာဉ်ဖြင့် KP-228 နေရာနှင့် KP-227 -228 (1/3) နေရာတို့၌ လည်းကောင်း ဆောင်ရွက်ခဲ့ရာ LCT Sumber Carrier II ရေယာဉ်မှ မြေသားနမူနာယူသည့် တွင်းတူးပိုက်နှင့် Jack-up Pontoon မှ ခြေထောက်များကျန်ခဲ့သည်။

ဖော်ပြပါ မြေသားနမူနာယူသည့် တွင်းတူးပိုက်နှင့် Jack-up Pontoon မှ ခြေထောက်များအား ပြန်လည်ဆယ်ယူရေးလုပ်ငန်းများကို မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် Block M-10 အတွင်းရှိ Nearshore Area ဖြစ်သော မော်ကြီးကျေးရွာအနီးတစ်ဝိုက်တို့တွင် တိုင်းတာရေးရေယာဉ် MV Yar Za Hlan Tan ဖြင့် ၂၀၁၁ ခုနှစ် မတ် ၉ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

MV Yar Za Hlan Tan ရေယာဉ်ဖြင့် ဆယ်ယူရေးလုပ်ငန်းဆောင်ရွက်မည့် တည်နေရာများမှာ အမှတ် A Point KP- 228 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၅၆ ဒသမ ၁၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၅ မိနစ် ၁၅ ဒသမ ၄၆၄ စက္ကန့်၊ အမှတ် B: Point KP -227- 228 (1/3) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၃၅ ဒသမ ၀၀၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၅ မိနစ် ၁၀ ဒသမ ၄၄၀ စက္ကန့်နှင့် အမှတ် C: Point BH-2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၄ မိနစ် ၁၂ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၁ မိနစ် ၃၃ ဒသမ ၁၆၇ စက္ကန့်တို့တွင် ဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် Block M-10 အတွင်းရှိ Nearshore Area ဖြစ်သော မော်ကြီးကျေးရွာအနီးတစ်ဝိုက်တို့တွင် မြေသားနမူနာယူသည့် တွင်းတူးပိုက်နှင့် Jack-up Pontoon မှ ခြေထောက်များ ပြန်လည်ဆယ်ယူခြင်းလုပ်ငန်းကို MV Yar Za Hlan Tan ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် သုံးခုလုံး၏ ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း၊ ငါးဖမ်းကိရိယာများ၏ အထောက်အကူပြုပစ္စည်းများ သွယ်တန်းချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နည်းပညာတက္ကသိုလ်(သန်လျင်)တွင် ယာဉ်/လမ်းစည်းကမ်းဆိုင်ရာဟောပြော

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၆)ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး ရွှေဝင်းနှင့်အဖွဲ့သည် မတ် ၄ ရက် နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(သန်လျင်)တွင် ပါမောက္ခချုပ် ဒေါက်တာအောင်ကျော်မြတ်၊ ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းသား၊ ကျောင်းသူ ၅၀၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပညာပေးဟောပြောပို့ချခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

(ကြေးမုံ)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် မြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥက္ကဋ္ဌ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့ ရောက်ရှိကာ ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာမေးပွဲလုပ်ငန်းရုံးအဖွဲ့တို့အား တွေ့ဆုံပြီး ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်သူများ စည်းကမ်းနှင့်အညီ စနစ်ကျစွာဖြင့် စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေးအတွက် ဆောင်ရွက်ထားရှိပြီးစီးနေမှုများကို လည်းကောင်း၊ ရုံးလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ စာဖြေခန်းများပြင်ဆင်ပြီးစီးနေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥက္ကဋ္ဌ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်သည် အမှတ်(၂)အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေနှင့် အတူ အဆိုပါစာစစ်ဌာနနှင့် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနများသို့ သွားရောက်ပြီး စာဖြေခန်း အသီးသီး၌ စနစ်တကျဖြင့် အေးချမ်းစွာဖြေဆိုနေမှုများကို လှည့်လည် ကြည့်ရှုအားပေးသည်။

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို နိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာန ၁၂၄၃ ဌာန၊ နိုင်ငံခြားစာစစ်ဌာန ၁၇ ဌာန စုစုပေါင်းစာစစ်ဌာန ၁၂၆၀ တို့၌ ယနေ့မှ စတင်၍ တစ်ပြိုင်တည်း စတင်ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာစစ်ဌာနများ ကြည့်ရှုစစ်ဆေး

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးမြို့ရှိ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၇

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းသည် အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်)ဦးရဲလွင်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်း ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနသို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအား တွေ့ဆုံပြီး မေးခွန်းလွှာနှင့် အဖြေလွှာများ လုံခြုံမှုရှိရေးအတွက် စနစ်တကျ ဆောင်ရွက်ရန်၊ စာဖြေသူများ စည်းကမ်းနှင့်အညီ စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေး ဆောင်ရွက်ပေးရန်တို့ကို မှာကြားကာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မန္တလေးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနနှင့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနများသို့ သွားရောက်ပြီး ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စည်းကမ်းတကျ ဖြေဆိုနေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေး အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း မန္တလေးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် မတ် ၇

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၅၉)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swe Sone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာ သတင်းဂျာနယ်၌ မြန်မာအမျိုးသမီး အဆိုတော်တစ်ဦး ကိုရီးယားရုပ်ရှင်ဇာတ်ကား၌ ယခုနှစ်အတွင်း သွားရောက်ရိုက်ကူးရန် ရွေးချယ်ခံရ၊ ရန်ကုန်-နေပြည်တော်-မန္တလေးလမ်းတစ်လျှောက် ဖုန်းလိုင်းဆွဲအားမြှင့်ကိရိယာများ တပ်ဆင်မည်၊ နယ်ဒေသများ၌ ငါးသိန်းတန် GSM ဖုန်းများ စတင်လျှောက်ထားနိုင်၊ ပြည်သူ့ရင်ပြင်ရှိ နိုင်ငံတကာအဆင့်မီ ကစားကွင်းသစ်ဖွင့်ပြီ၊ ဗီယက်နမ်တွင် ကျင်းပမည့် တောင်တက်ပြိုင်ပွဲ၌ မြန်မာ ပါဝင်ဆင်နွှဲမည်၊ မြန်မာ့ပထမဆုံးရေပေါ်ဂေါက်လေ့ကျင့်ရေးကွင်း ယခုလကုန်တွင် ဖွင့်တော့မည်၊ မြန်မာနိုင်ငံမှ အမျိုးသမီးများအပါအဝင် အငှားကားယာဉ်မောင်း ၁၀၀ UAE က ခေါ်ယူ၊ ကုန်တင်ယာဉ်များ တန်ပိုတင်ပါက ယာဉ်ကို နိုင်ငံပိုင်သိမ်းမည်၊ အင်တာနက်နှင့် ဖုန်းသုံးနိုင်သည့် MC WILL ဖုန်းများကို လျှောက်လွှာတင်ပြီး နာရီပိုင်းအတွင်း ချပေးမည်ဟုဆို၊ တစ်ကမ္ဘာလုံးနှင့် အင်တာနက်ဆက်သွယ်မှုများ ပြတ်တောက်မသွားစေရန် စနစ်သုံးမျိုးဖြင့် ချိတ်ဆက်ထား၊ ကျောင်းသား၊ ကျောင်းသူများအတွက် ပြည်တွင်း၌ Netbook များ ထုတ်လုပ်မည်၊ ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံများကို ကမ္ဘာလှည့်များ လေ့လာရေးနေရာများအဖြစ် သတ်မှတ်မည်၊ AIDS လူနာများ ကုသပေးမှုကို မြို့ကြီးသုံးမြို့၌တိုးချဲ့မည်၊ လူနေထိုင်နိုင်သည့်အသင့်ပြုလုပ်ပြီး ကွန်တိန်နာများ မြန်မာနိုင်ငံသို့ စတင်ရောက်ရှိ၊ စာဖွဲ့မမီ ကျွန်းဘာလီ၊ မော်ရင်ဟိုဓားထိုးခံရ၊ ပဥ္စလက်ဆရာက ကမ္ဘာ့ပထမဆုံးမျော်ကျောင်းတော်ကို ဖွင့်လှစ်၊ ဘောလုံးပွဲတစ်ပွဲတည်း၌ အနီကတ် ၃၆ကတ်ပြ၍ ကမ္ဘာ့စံချိန်တင်၊ ကမ္ဘာ့အမွေးအထူဆုံး မိန်းကလေးအဖြစ် ထိုင်းကလေးငယ် အသိအမှတ်ပြုခံရ၊ ရေအောက်မှနေ၍ ကမ္ဘာတစ်ပတ်ပတ်ရန် တစ်ဦးတည်းခရီးထွက်မည်၊ တရုတ်စစ်တပ်က ခိုအကောင် ၁၀၀၀၀ ကို လေ့ကျင့်ပေးနေ----စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈-၃-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာ့ရှုခင်း
၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၆။ မျိုးချစ်တပ်မတော်
၄း၂၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၃၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၄၅ ၉။ အင်္ဂလိပ်စာသုတ
၄း၅၅ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၁၁။ ကြိုတင်တားဆီးရန်သူမီး
၅း၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် (အပိုင်း-၂၂)**
၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆း၁၅ ၁၆။ ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
၆း၂၅ ၁၇။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၆၄)**
၈း၀၀ ၁၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဦးတည်ချက်(၁၂)ရပ်
၂၂။ နိုင်ငံတကာသတင်း
၂၃။ မိုးလေဝသသတင်း
၂၄။ ဟာသရုပ်စုံ
၂၅။ မွေးမြူသုတ
၂၆။ သီချင်းလက်ဆောင်
၂၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဘတစ်ပြန်ကျားတစ်ပြန် (အပိုင်း-၁၈)**
၂၉။ Mini Series
၃၀။ သင့်အတွက်မနက်ဖြန်
၃၁။ အပိတ်နှုတ်ဆက်စကား
၃၂။ ပြီးပါပြီ။

မြန်မာအသင်းနှင့် အိုလံပစ်ခြေစစ်ပွဲကစားရန် အိန္ဒိယအသင်းရောက်ရှိ

ရန်ကုန် မတ် ၇

၂၀၁၂ လန်ဒန်အိုလံပစ် ပထမအဆင့် ဘောလုံးခြေစစ်ပွဲ ဒုတိယအကျော့အဖြစ် မြန်မာအသင်းနှင့် မတ် ၉ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားရန်အတွက် အိန္ဒိယအိုလံပစ်အသင်းသည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

အိန္ဒိယအိုလံပစ်အသင်းတွင် အသင်းမန်နေဂျာနှင့် နည်းပြအဖွဲ့ဝင် ခုနစ်ဦး၊ ကစားသမား ၁၈ ဦး စုစုပေါင်း ၂၅ ဦး ပါဝင်သည်။ ပထမအကျော့ခြေစစ်ပွဲအဖြစ် အိန္ဒိယနိုင်ငံပူနေးမြို့တွင် ယှဉ်ပြိုင်ကစားခဲ့စဉ်က အိမ်ရှင်အိန္ဒိယအသင်းက ၂-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် မြန်မာအသင်းအနေဖြင့် မိမိမြေပေါ်တွင် ပြန်လည်ကစားရမည့် ဒုတိယအကျော့ပွဲစဉ်တွင် အနည်းဆုံး ၁-၀ဂိုးဖြင့်ပြန်လည်အနိုင်ရမှသာ နောက်တစ်ဆင့် ခြေစစ်ပွဲတက်နိုင်မည်ဖြစ်သည်။

ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ် ၁၀၀၀၊ ရိုးရိုးတန်း ကျပ် ၅၀၀ သတ်မှတ်ထားကာ ကြိုတင်လက်မှတ်များကို မတ် ၈ ရက်နှင့် ၉ ရက်တို့တွင် သုဝဏ္ဏ(Goal Hotel)ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးနှင့် သုဝဏ္ဏဘောလုံးကွင်းတို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

အဆိုပါပွဲနှင့် ပတ်သက်သည့် အသင်းမန်နေဂျာများ အစည်းအဝေး(Manager's meeting)ကို မတ် ၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း၊ ပွဲကြိုသတင်းစာရှင်းလင်းပွဲ (Pre-match Press Conference) ကို မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ဒူးဆစ်အင်းလျားလိတ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၂ လန်ဒန်အိုလံပစ် ပထမအဆင့် ဘောလုံးခြေစစ်ပွဲ ဒုတိယအကျော့အဖြစ် မြန်မာအသင်းနှင့် ယှဉ်ပြိုင်ကစားရန် အိန္ဒိယအိုလံပစ်အသင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြန်မာနိုင်ငံ စာရင်းကောင်စီ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီ ဒီပလိုမာ စာရင်းကိုင်(ဒုတိယပိုင်း) သင်တန်းစာမေးပွဲ ကျင်းပမည်

နေပြည်တော် မတ် ၇

၂၀၁၀ ပညာသင်နှစ် ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း)သင်တန်းစာမေးပွဲကို နေပြည်တော် စာစစ်ဌာန(စာရင်းစစ်ရုံးချုပ်-ရုံးအမှတ်-၁၂၊ နေပြည်တော်)နှင့် ရန်ကုန်စာစစ်ဌာန[စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း အမှတ်(၁/၁၉)၊ သခင်မြပန်းခြံလမ်း အလုံမြို့နယ်၊ ရန်ကုန်မြို့]တို့၌ နှစ်စုခွဲ၍ ဧပြီ ၂၅ရက်မှ ၂၉ ရက်အထိ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည်။

ဖြေဆိုခွင့်လျှောက်လွှာ

စာမေးပွဲအချိန်စာရင်းကို ဖော်ပြပါလိပ်စာများ၌ ကြေညာထားပြီး စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာကို သက်ဆိုင်ရာစာစစ်ဌာနများ၌ ဝယ်ယူ၍ မတ် ၁၄ရက်မှ ၃၁ ရက်အတွင်း ရုံးဖွင့်ရက်များ၌(၁၀နာရီမှ မွန်းလွဲ ၂နာရီအတွင်း)စာမေးပွဲကြေး ကျပ် ၂၀၀၀ ပေးသွင်းကာ ယင်းငွေရပြေစာမူရင်း၊ လိုင်စင်ဓာတ်ပုံ သုံးပုံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း+မိတ္တူ)ပြ၍ ဖြေဆိုသူကိုယ်တိုင် ဖြေဆိုခွင့်လျှောက်လွှာတင်သွင်းရမည်။ မိမိတို့သင်တန်းတက်ရောက်ရာသင်တန်းကျောင်း(စာစစ်ဌာန)တွင်သာ လျှောက်လွှာတင်သွင်းကြရမည်။

ဖြေဆိုခွင့်လျှောက်ထားသူသည် ဖွင့်လှစ်ဆဲသင်တန်းကို တက်ရောက်ပြီး ဖြေဆိုမည့်သူများအတွက် သင်တန်းကာလ ကိုးလအတွင်း ဘာသာရပ်အသီးသီး၌ သင်တန်းတက်ရောက်ချိန် ၆၀ရာခိုင်နှုန်း ပြည့်မီသူများနှင့် ယခင်စာမေးပွဲများတွင် ကျရှုံးခဲ့သူများ (ယခင်ဖြေဆိုခဲ့သည့် အထောက်အထားတင်ပြရမည်)စသည့် အချက်များနှင့် ကိုက်ညီရမည်။ ဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာစစ်ဌာနအသီးသီးတွင် ဧပြီ ၄ရက်မှ ၂၂ ရက်အတွင်း ရုံးဖွင့်ရက်များတွင်ထုတ်ပေးမည်။ စာမေးပွဲစတင်ဖြေဆိုသည့်နေ့တွင် လုံးဝထုတ်ပေးမည်မဟုတ်ကြောင်းသိရသည်။

သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းလာသည့်လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများအတွက် မည်သည့်အကြောင်းပြချက်ကိုမျှ လက်ခံစဉ်းစားပေးမည်မဟုတ်ကြောင်း စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီမှ သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာအဆင့် မုန့်မျိုးစုံပြုလုပ် ပြင်ဆင်နည်းသင်တန်းသစ် ဖွင့်မည်

ရန်ကုန် မတ် ၇

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန် ထမ်းဆောင်လိုသူများနှင့် ကိုင်ပိုင်လုပ်ငန်း၌ ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Bakery & Pastry Course (နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို မတ်လ ဒုတိယပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလအတွင်း Fast Food ပြုလုပ်နည်းများ၊ Danish/Puff/Croissant ပြုလုပ်နည်းများ၊ ပေါင်မုန့်မျိုးစုံ၊ Hard Bread ပြုလုပ်နည်းများ၊ အလှဆင်ကိတ်နှင့် မွေးနေ့ကိတ်ပြုလုပ်နည်းများ၊ မုန့်မျိုးစုံပြုလုပ်နည်းများနှင့်အတူ Menu Plan ရေးဆွဲနည်းများ၊ Menu Costing တွက်ချက်နည်းများ၊ Food Safety၊ Quality Management of Kitchen Operation စသည်တို့ကို Chartered Institute of Environmental Health နှင့် Educational Institute of the American Culinary Federation မှ Course Guide Line များနှင့် အညီ နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများ ကိုယ်တိုင် တတ်မြောက် ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သောအကူအညီများ အခမဲ့ကူညီပေးသွားမည်ဖြစ်သည်။ နိုင်ငံတကာဟိုတယ်ကြီးများတွင် အလုပ်အကိုင်ရရှိရန်အတွက်လည်း အခမဲ့ကူညီ ပေးသည်။ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် Interview အတွက် ကြိုတင်ပြင်ဆင်မှုများ၊ Preinterview များကို လေ့ကျင့်ပေးသည်။

နိုင်ငံတကာအဆင့် Hotel, Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Level နှင့် ဝင်ရောက်လုပ်ကိုင်မည့်သူများ၊ ကိုယ်ပိုင်ဟိုတယ်၊ Restaurant နှင့် Coffee Shop များ၌ စီမံအုပ်ချုပ် လိုသူများအတွက် ရည်ရွယ်၍ International Hospitality Management Course သင်တန်းအပတ်စဉ်အသစ်နှင့် IELTS Foundation Course နှင့် Preparation Course အပတ်စဉ်အသစ်ကိုလည်း မတ်လ ဒုတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၁၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၀၃၀၂ နှင့် ၅၂၃၆၂၃ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မေခလမ်း ၇ မိုင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ ဒေါက်တာမျိုးသော်-ဒေါက်တာသင်းသင်း (မနော်ဟရီဖောင်ဒေးရှင်း)က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ သံဃာကုဋီ တစ်ခန်းနှင့် သံဃာရေချိုးခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၅သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။(သတင်းစဉ်)

တောင်ပိုင်းဒေသများ ကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့နှင့် အောင်လံမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီ၊မကွေးမြို့နှင့် ပခုက္ကူမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့်သာယာနေသည်။

မတ် ၈ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

၂၀၁၁ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ် အမျိုးသားအကျောမဲ့ပြိုင်ပွဲတွင် ပထမရရှိသော ရဲထွန်းနိုင်အား မူဆယ်ရွှေသမင်ဂေါက်ကလပ် ဥက္ကဋ္ဌ ရဲမှူးကြီး မိုးမောင်သန်း ဆုဖလားချီးမြှင့်စဉ်။
(ဂေါက်သီးအဖွဲ့ချုပ်)

၂၀၁၁ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်ကို မူဆယ်မြို့ ရွှေသမင်ဂေါက်ကလပ်၌ ကျင်းပ

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ KENBO က အဓိက ကူညီပံ့ပိုးသော ၂၀၁၁ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်ကို မတ် ၅ ရက်တွင် မူဆယ်မြို့ ရွှေသမင်ဂေါက်ကလပ်၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက Nearest To The Pin ဆုရ တင်စိုးအားလည်းကောင်း၊ Longest Drive ဆုရရှိသော လေးလေးခွန်နှင့် အောင်သန့်၊ Nearest Line ဆုရ ထွန်းလင်းစိုးနှင့် Most Birdie ဆုရ ရဲထွန်းနိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ AUNG KENBO Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါ်နန်းရွှေဟန်က အမျိုးသမီး (System 36)ဖြင့် တွက်ချက်ပြီး(၇၄)ချက်ဖြင့် ပထမရရှိသော လေးလေးခွန်၊ (၇၅)ချက်ဖြင့် ဒုတိယရရှိသော နန်းမေဝင်းနှင့် (၇၈)ချက်ဖြင့် တတိယရရှိသော ဝမ်ဆိုင်လင်းတို့အားလည်းကောင်း၊ မူဆယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်က အမျိုးသား (System 36)ဖြင့် တွက်ချက်ပြီး ရိုက်ချက် (၇၀)ဖြင့် ပထမရရှိသော ကျော်ကျော်သိန်း၊ ရိုက်ချက် (၇၀)ဖြင့် ဒုတိယရရှိသော ကျော်ကျော်၊ ရိုက်ချက် (၇၀)ဖြင့် တတိယရရှိသော ကျော်မင်းနိုင်တို့အားလည်းကောင်း၊ မူဆယ်ရွှေသမင်ဂေါက်ကလပ်ဥက္ကဋ္ဌ ရဲမှူးကြီး မိုးမောင်သန်းက အမျိုးသားအကျောမဲ့ပြိုင်ပွဲတွင် ရိုက်ချက် (၇၆)ချက်ဖြင့် ပထမရရှိသော ရဲထွန်းနိုင်၊ ရိုက်ချက် (၇၇)ချက်ဖြင့် ဒုတိယရရှိသော ထန်အိတ်နှင့် ရိုက်ချက် (၇၈)ချက်ဖြင့် တတိယရရှိသော အောင်ချိုတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် AUNG KENBO Trading Co., Ltd. မှ ဒါရိုက်တာ ဦးမျိုးမင်းက ပထမရရှိသော ရဲထွန်းနိုင်အား KENBO ဆိုင်ကယ်တစ်စီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် AUNG KENBO Trading Co., Ltd. ဥက္ကဋ္ဌ ဦးအောင်အောင်က မူဆယ်ရွှေသမင် ဂေါက်ကလပ်သို့ အမှတ်တရ ဂုဏ်ပြုလက်ဆောင်နှင့် အလှူငွေများပေးအပ်ရာ မူဆယ်ရွှေသမင်ဂေါက်ကလပ် ကိုယ်စား ရထိုက်ကုမ္ပဏီဥက္ကဋ္ဌ ဦးလီခိုက်ချင်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘာစီလိုနာအသင်း အမ်းမရိုက်အရှုံးကို နူးကမ့်တွင် ချေဖျက်ရန်ကြိုးစားလာမည့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ရှုံးထွက် ဒုတိယအကျော့ ပထမနေ့ ပွဲစဉ်များ

ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ရှုံးထွက် ဒုတိယအကျော့ ပထမနေ့ပွဲစဉ်များတွင် လှပသပ်ရပ်တဲ့ဘောလုံးကစားဟန် ကိုယ်စီပိုင်ဆိုင်ထားတဲ့ ဘာစီလိုနာနဲ့ အာဆင်နယ်တို့ရဲ့ ပွဲစဉ်က စိတ်ဝင်စားစရာကောင်းပြီး ပထမအကျော့ကလို ကြည့်ကောင်းတဲ့ပွဲတစ်ပွဲဖြစ်လာဦးမှာပါ။

၉-၃-၂၀၁၁ (ဗုဒ္ဓဟူးနေ့)
နံနက် ၂း၁၅ နာရီ

ဘာစီလိုနာ - အာဆင်နယ်

ဘာစီလိုနာနဲ့ အာဆင်နယ်တို့ဟာ ပထမအကျော့ အမ်းမရိုက်မှာ ဆုံတွေ့ခဲ့စဉ် အာဆင်နယ်က နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရထားတာကြောင့် ဒီပွဲမှာ သရေကျရင် အာဆင်နယ် နောက်တစ်ဆင့်တက်ခွင့်ရမှာဖြစ်ပေမယ့် ကမ္ဘာ့ထိပ်တန်း တိုက်စစ်မှူးတွေဖြစ်တဲ့ မက်ဆီ၊ ဒေးဗစ်ဗီလာတို့လို ကစားသမားတွေ ဦးဆောင်လာမယ့် ဘာစီလိုနာတိုက်စစ်ကို သရေခံကစားနိုင်မလားဆိုတာ စိတ်ဝင်စားစရာပါ။ နှစ်သင်းစလုံးက ဘောလုံးပိုင်ဆိုင်မှု အသာစီးယူပြီး ကွင်းလယ်ပိုင်းကို အားပြုကစားကြမှာ ဖြစ်တာကြောင့် ဇာဗီနဲ့အင်နီယေစတာတို့ ဦးဆောင်လာမယ့် ဘာစီလိုနာကွင်းလယ်ကို ဖာဘရီဂက်စ်၊ ဆောင်း၊ ဝီရှိုင်းယားတို့ပါဝင်မယ့် အာဆင်နယ်ကွင်းလယ်က ကောင်းကောင်းယှဉ်နိုင်ပါတယ်။ အာဆင်နယ်မှာ အဓိကတိုက်စစ်မှူး ဗန်ပါစီ မပါဝင်နိုင်တာက အာဆင်နယ်အတွက် အားနည်းချက်တစ်ရပ်ပါပဲ။ ဒါပေမယ့် ဘာစီလိုနာ နောက်တန်းမှာလည်း အဓိက ခံစစ်မှူးတွေဖြစ်တဲ့ ပီကေးနဲ့ ပူယိုးတို့မပါဝင်နိုင်တာကြောင့် ကစားအားကောင်းတဲ့ နာဆရီ၊ ဝေါလ်ကော့တို့လို အာဆင်နယ် လူငယ်တွေအတွက် အခွင့်အရေးတစ်ရပ်လို့ ဆိုရမှာပါ။ ဘာစီလိုနာဟာ ဒီပွဲအနိုင်ရမှ နောက်တစ်ဆင့်တက်ခွင့်ရမှာမို့ ဒီပွဲကို ခြေကုန်ထုတ်အားစိုက်ကစားမှာ ဖြစ်တာကြောင့် အာဆင်နယ်အနေနဲ့ ပထမအကျော့ အမ်းမရိုက်တုန်းက ခြေစွမ်းနဲ့ စိတ်ဓာတ်တွေကို နူးကမ့်အထိ သယ်ဆောင်လာနိုင်မှသာ နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက်ကို ဆက်လက်ရှင်သန်ခွင့်ရမှာပါ။

ရှက်တာဒိုးနက် - ရိုးမား

ရှက်တာဒိုးနက်နဲ့ ရိုးမားတို့ဟာ ပထမအကျော့ရိုးမားကွင်းမှာ ဆုံတွေ့ခဲ့စဉ် ဩ့သည် ရှက်တာဒိုးနက်က သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရထားတာကြောင့် ရိုးမားအသင်းအနေနဲ့ နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်ကတော့ မှေးမှိန်နေပါပြီ။ ဒါ့အပြင် ရိုးမားအသင်းအနေနဲ့ ပထမအကျော့အိမ်ကွင်းမှာ ကစားခဲ့စဉ်က နောက်တန်းအားနည်းချက်တွေကို ပြင်ဆင်မလာဘူးဆိုရင် ယူကရိန်းကလပ် ရှက်တာဒိုးနက်ရဲ့ ဒွန်ဘတ်စ်အရီနာကွင်းမှာ လူးဝစ်အက်ဒရီယာနို၊ ဂျက်ဆင်၊ ဒေါ့က လက်စ်ကော့စတာတို့ရဲ့ လျင်မြန်တဲ့ တိုက်စစ်ဆင်မှုကို ခံရဦးမှာပါ။တော့တီ ဦးဆောင်လာမယ့် ရိုးမားတိုက်စစ်ဟာ ဒီပွဲမှာ နှစ်ဂိုးပြတ်သွင်းနိုင်မှသာ နောက်တစ်ဆင့် တက်ခွင့်ရမှာမို့ ရိုးမားတိုက်စစ်အတွက် စိန်ခေါ်မှုတစ်ရပ်ပါပဲ။ နောက်တစ်ဆင့်တက်ဖို့ အလေးသာနေတဲ့ ရှက်တာဒိုးနက် အနည်းဆုံး သရေရအောင် ခံကစားသွားမယ်လို့ မျှော်လင့်ရပါတယ်။ ။

အောဝမ်းစိုး

အာဆင်နယ်နှင့် ဘာစီလိုနာအသင်းတို့ ပထမအကျော့တွေ့ဆုံစဉ်က ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ၏ ထိုးဖောက်ကစားဟန်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

အဖွဲ့ဝင် (၁၅)ဦးပါ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်း

ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးနိုင်ခွင့်ရှိ

သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့်တာဝန်ရှိပုဂ္ဂိုလ်များအား မေးမြန်းဆွေးနွေးနိုင်

နေပြည်တော် မတ် ၇

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၂၃)ဦးရှိသည့်အနက် (၂၂၃) ဦးစလုံး တက်ရောက်သည့်အတွက် (၁၀၀) ရာခိုင်နှုန်း ရာနှုန်းပြည့်ဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၃ နှင့် ၆၇ တို့အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)